# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၄၁)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း ၁၃ ရက် ၊ ၂၈–၄–၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# ၂၀၂၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၇

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ တိုးပွားစေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အရေးပါကြောင်း လူငယ်များ သိရှိနားလည်စေရန်၊ လေ့လော့အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန်စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆)တို့ကို ယနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ဖွင့်လှစ်ကြသည်။

စာမျက်နှာ ၄ သို့ ☆



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများက လှည့်လည်ကြည့်ရှုကြစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


ကော်နာဂယ်လာဂါကို ခေါ်ယူရန် ကိုပင်ထရီအသင်း စိတ်ဝင်စား — စာမျက်နှာ ၁၁

GPM Racing မှ မျိုးဆက်သစ် မြန်မာ့ဂုဏ်ဆောင် Professional ဆိုင်ကယ်စီးအားကစားသမားသစ်များ ရွေးချယ်မည် — စာမျက်နှာ ၁၂

ပုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုဖွယ်မှတ်သားဖွယ် သုတမှတ်စု(၇) (ဆောင်းပါး) — စာမျက်နှာ ၁၇


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဧလ

ဝ–ဝ–ဝ–ဝ–ဝ

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ အင်္ဂါနေ့။

မန္တလေး

# စည်းကမ်းလိုက်နာခြင်းဖြင့် တန်ဖိုးရှိသောလူများ ဖြစ်လာစေရန် နေထိုင်ရမည်

လူ့ဘောင်လောကတွင် စည်းကမ်းဟူသည် သတ်မှတ်ချက်၊ အကန့်အသတ်များကို မကျူးလွန်၊ မချိုးဖောက်မိစေရန် ချမှတ်ထားသော အချက်များပင်ဖြစ်သည်။ စည်းကမ်းနှင့်အညီ လေးစားစွာ လိုက်နာနေထိုင်ခြင်းသည် လူ့တန်ဖိုးကို ဖော်ညွှန်းရာလည်းရောက်မည်ဖြစ်သည်။

လူတိုင်း မိမိဘဝကို မြင့်မားစွာ ဆောက်တည်နေထိုင်လိုကြသည်။ သို့သော် စိတ်ကသာ ဖြစ်ချင်ပါသော်လည်း လက်တွေ့နယ်ပယ်တွင် မဖြစ်နိုင်ကြပါ။ လူနည်းစုကသာ အောင်မြင်စွာ ဆောက်တည်နိုင်ကြသည်။ အကြောင်းကား လိုရာပန်းတိုင်သို့ ရောက်ရှိရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း။ ဖွဲ့နှင့်လုံ့လတို့ လိုအပ်သောကြောင့်ဖြစ်သည်။ ထိုအချက်တို့အနက် လူတိုင်း၏ ဘဝကို မြင့်မားအောင် ဖန်တီးပေးနိုင်သည့်အချက်မှာ စည်းကမ်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် စည်းကမ်းသည် လူ့တန်ဖိုးဟု ဖော်ညွှန်းပြသနေသည်။ ထို့ကြောင့် စည်းကမ်းနှင့်အညီ နေထိုင်ရန်အတွက် လူ့တန်ဖိုးကို ပြသသင့်သည်။

စည်းကမ်းကို ငယ်စဉ်ကျောင်းသားလူငယ်အရွယ်ကပင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့်စွဲမြဲသွားလျှင် စည်းကမ်းလိုက်နာရသည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်တော့ပါ။ သာမန်လုပ်ကိုင်ဆောင်ရွက်နေရသကဲ့သို့ ပေါ့ပါးသွက်လက်လာမည်ဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသောဆောင်ပုဒ်သည် ပထမအရွယ် ကျောင်းသားဘဝကပင် စည်းကမ်းလိုက်နာတတ်စေရန် လေ့ကျင့်ပျိုးထောင်သင့်ကြောင်းကို ညွှန်းဆိုနေခြင်းဖြစ်သည်။ ကျောင်းနေစဉ်အရွယ်၌ သတ်မှတ်ထားသော ကျောင်းဝတ်စုံဝတ်ဆင်ကြရသည်။ သတ်မှတ်ထားသော ကျောင်းချိန်အမီ အချိန်မှန်တက်ကြရမည်။ အချိန်မှန်ကျောင်းဆင်းကြရမည်။ ဤသည်တို့မှာ ကျောင်းသားကျောင်းသူတိုင်း လိုက်နာရမည့် အခြေခံစည်းကမ်းဖြစ်သည်။ ထို့ကြောင့် စည်းကမ်းလိုက်နာခြင်းဖြင့် တန်ဖိုးရှိသောလူများ ဖြစ်လာစေရန် ကြိုးစားနေထိုင်သင့်သည်။

ထို့ပြင် ဒုတိယအရွယ်တွင် ဥစ္စာရှာကြရမည်ဖြစ်သည်။ ထိုသို့ ဥစ္စာရှာဖွေရာတွင် အလုပ်ခွင်စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။ တစ်ဖန် တတိယအရွယ်တွင် တရားဘာဝနာရှာဖွေကြရမည်ဖြစ်သည်။ တရားအားထုတ်ရန် တရားစခန်း။ ရိပ်သာများကို သွားရောက်မည်ဆိုပါ သက်ဆိုင်ရာ တရားစခန်း၏ စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။

စည်းကမ်းဟူသည် လူတိုင်း၏ ကိုယ်ကျင့်တရားနှင့် ဆက်နွှယ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ စည်းကမ်းရှိသူသည် မိမိသာမက ပတ်ဝန်းကျင်ကိုပါ စည်းကမ်းတကျနေထိုင်တတ်စေရန် အားပေးတတ်ကြသည်။ ဘဝအောင်မြင်ရေး၊ ဘဝရပ်တည်နိုင်ရေး အစရှိသည့်ကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုများနှင့် ကြုံရမည်ဖြစ်သည်။ ထိုသို့ နေရာတိုင်းတွင် ချမှတ်သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်ပါက အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားကိုယ်တိုင် ဟောကြားဆုံးမတော်မူခဲ့သော ၃၈ ဖြာမင်္ဂလာတရားတော်တွင် စည်းကမ်းလိုက်နာခြင်းသည်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ လူသားတိုင်းတွင် လူတို့ လိုက်နာရန် စည်းကမ်းချက်များရှိသကဲ့သို့ ဝန်ထမ်းများတွင်လည်း သတ်မှတ်ထားသည့် ဝန်ထမ်းစည်းကမ်းတို့ကို လိုက်နာနေထိုင်ရမည်ဖြစ်သည်။ ရတောင့်ရခဲသော လူ့ဘဝတွင် စည်းကမ်းလိုက်နာခြင်းဖြင့် တန်ဖိုးရှိသော လူများ ဖြစ်လာစေရန် ကြိုးစားနေထိုင်သင့်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ထွန်းမင်း<br>ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်သန္တာလေး<br>ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

## ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး ဧပြီ ၂၇**

မန္တလေးမြို့၊ လမ်း ၆၀ရှိ မဟာဝိဇယကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ ဦးဆောင်၍ မဟာဝိဇယ သာသနာပြုယောဂီအဖွဲ့နှင့် ယဉ်ကျေးလိမ္မာမွေစကူးလ်မောင်မယ် များ စုပေါင်း၍ ညောင်ရေသွန်းလောင်းပွဲကို ကဆုန်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါကဆုန်လပြည့် (ဗုဒ္ဓနေ့) နံနက်ပိုင်း၌ အခမ်းအနားကျင်းပပြီး ညနေပိုင်းတွင် ယဉ်ကျေးလိမ္မာမောင်မယ်များက ညောင်ရေအိုးများ ကိုယ်စီကိုင်ကာ လမ်းတစ်လျှောက် လှည့်လည်ပြီး ကျောင်းဝင်းအတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြမည်ဖြစ်သည်။ ညောင်ရေသွန်းပွဲ လာရောက်ကြသည့် ဧည့်ပရိသတ်များအား နန်းမြို့မြန်မာမှုတေးဂီတအဖွဲ့ဖြင့် ဧည့်ခံဖျော်ဖြေပြီး စတုဒိသာထမင်းဟင်း ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၅၁)

## ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းအခြေခံနှင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ



**စဉ့်ကိုင် ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်သော ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းအခြေခံနှင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းကျေးရွာအုပ်စု၊ တောင်ဦးကျေးရွာ ဓမ္မာရုံတွင် ကျင်းပသည်။

(အပေါ်ပုံ)

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက စက်ချုပ်နည်းပညာများကို အခြေခံနှင့် မွမ်းမံသင်ယူပြီး ခေတ်နှင့်အညီ ကျွမ်းကျင်သောပညာရပ်များကို ကြိုးစားသင်ယူကြရန် အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ကျေးရွာကော်မတီ ခေါင်းဆောင်တို့အား စီမံကိန်းလုပ်ငန်းများ ပေးအပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတိုက်ကြည်တို့က ဧပြီ ၂၇ ရက်မှ မေ ၂၆ ရက်အထိ ဖွင့်လှစ်မည့် အခြေခံစက်ချုပ်နည်းပညာသင်တန်း တက်ရောက်မည့် သင်တန်းသူ ၁၅ ဦးအား သင်တန်းသုံး စက်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာခါလစ် ဘင် မိုဟာမက် အယ်လ် အက်တီယာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့်ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ထိုင်းသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Supasri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်မြို့ အခြေစိုက် ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Supasri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသော ထိုင်းနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ နှစ်နိုင်ငံကုန်သွယ်မှုများ မြန်ဆန်စေရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ထိုင်းသံရုံးနှင့် ထိုင်းနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာခါလစ် ဘင် မိုဟာမက် အယ်လ် အက်တီယာအား ယနေ့မွန်းလွဲပိုင်းတွင် Jasmine Naypyitaw Hotel ၌ လက်ခံတွေ့ဆုံသည်။

## အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန တည်ဆောက်နေမှု ဒုတိယဝန်ကြီး ဦးအေးထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၇

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အနုပညာဗဟိုဌာန(ရန်ကုန်) (Myanmar Art Center - Yangon) တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးကုမ္ပဏီ Project Director က နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (ရန်ကုန်) တည်ဆောက်ရေး စီမံကိန်းတွင် အဆောက်အအုံ ဘေးနံရံများ ကာရံနေမှု၊ ဆောင်ရွက်ရန်ကျန်ရှိသော Steel Column များ၊ အမိုးအသစ်မိုးခြင်းနှင့် အမိုးအဟောင်းပြုပြင်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နန်းယွန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်း

နန်းယွန်း ဧပြီ ၂၇

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်တွင် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ဟာဝါး(အထက်)ကျေးရွာနှင့် ကြိုင်ရိုင်ကျေးရွာတို့၌ ကျင်းပသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ကျေးရွာသူ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဟာဝါး(အထက်)ကျေးရွာနှင့် ကြိုင်ရိုင်ကျေးရွာတို့တွင် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင် ခုနစ်ဦးစီကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ ဖြိုးကျော်(ပုံတောင်မြေ)

✰ ရှေ့ဖုံးမှ

သင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော် သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို စာတွေ့/လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၃ ခုမှ သင်တန်းသား သင်တန်းသူများအား သင်တန်းစတုတ္ထပတ်၌ ရန်ကုန်မြို့တွင် စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ တပ်မတော်လေယာဉ်နှင့် စစ်ရေယာဉ်များ လေ့လာရေးများအပြင် စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်ဝသို့ ရေလမ်းကြောင်း လေ့လာရေးခရီးစဉ် ပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(ရေ)ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

သင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့နှင့် ပုသိမ်မြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဖွင့်လှစ်ကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆)ကို ယနေ့မှ မေ ၂၉ ရက်အထိ ရက်သတ္တ ၅ ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းများကို ၁၉၅၉ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၅၅၀ တို့အား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး မုံရွာမြို့တွင်ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများအား လိုက်လံတွေ့ဆုံ နှုတ်ဆက်စဉ်။

အလားတူ ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံ ပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက် မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်တန်းစခန်းအပါအဝင် သင်တန်းစခန်း ၂၀ ၌ ကျင်းပသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁၀)၊ နေပြည်တော် သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်၍ ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(လေ)ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အခြေခံလေကြောင်း လူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ (လက်နက်မဲ့)ဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာအခြေခံ ဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန် ဘာသာရပ်များ ထည့်သွင်းပို့ချပေးသွားမည်ဖြစ်ပြီး တပ်မတော်(လေ)တွင်ရှိသော ပျံသန်းရေးအုပ်များ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် သင်တန်းစခန်းများအလိုက် ထူးချွန်သင်တန်းသားများအား အမောင်းသင်လေယာဉ်/ ရဟတ်ယာဉ်များအား နည်းပြဆရာများနှင့်အတူ ကိုယ်တိုင်လိုက်ပါမောင်းနှင်ပျံသန်းခွင့် ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေ၌ စုဖွဲ့ချိန်တွင်လည်း အခြေခံလေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ(လက်နက်မဲ့) ပြိုင်ပွဲ၊ RC Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း ပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ (လက်နက်ပါ)ပြိုင်ပွဲ၊ Flight Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တပ်မတော်လေယာဉ်နှင့် တပ်မတော်စစ်ရေယာဉ်များကိုပါ လိုက်ပါစီးနင်းခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် အတွေ့အကြုံအသစ်များ ဗဟုသုတအသစ်များရရှိမည် ဖြစ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ မန္တလေးမြို့တွင် မန္တလေးသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ မင်္ဂလာဒုံမြို့တွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင် တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မြစ်ကြီးနားသင်တန်းစခန်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် လွိုင်ကော်သင်တန်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် မကွေးသင်တန်းစခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းမြို့တွင် ဟုမ္မလင်းသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်သင်တန်းစခန်းတို့အား တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ကြသည်။

အဆိုပါအခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)အား သင်တန်းစခန်း ၁၈ ခု သင်တန်းသား ၉၂၈ ဦးဖြင့် လည်းကောင်း၊ တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၉) အား သင်တန်းစခန်း နှစ်ခု၊ သင်တန်းသား ၁၁၆ ဦးတို့ဖြင့် လည်းကောင်း ယနေ့မှ မေ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးစပါးစိုက်ပျိုးသည့် လယ်ကွက်(မြေကွက်)များအား CAPI စနစ်ဖြင့် လက်ကိုင်ဖုန်းအသုံးပြု၍ စာရင်းကောက်ယူပြုစုနည်းသင်တန်းဖွင့်လှစ်

**မန္တလေး ဧပြီ ၂၇**

မိုးစပါးစိုက်ပျိုးသည့် လယ်ကွက်(မြေကွက်)များအား CAPI စနစ်ဖြင့် လက်ကိုင်ဖုန်း အသုံးပြု၍ စာရင်းကောက်ယူပြုစုနည်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး မြေစာရင်း ဦးစီးဌာနမှူးရုံးတွင် ကျင်းပရာ အထက်မြန်မာပြည် ကြေးတိုင် နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ဦးစီးဌာနမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲမှ ဦးစီးအရာရှိ ဦးကိုကိုအောင်မျိုးညွန့်က သင်တန်းပို့ချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(ယာပုံ)

မိုးစပါးစိုက်ပျိုးသည့် လယ်ကွက်(မြေကွက်)များအား သီးနှံအထွက်နှုန်း မှန်ကန်ရေးအတွက် ဌာနမှ CAPI စနစ်ဖြင့် လက်ကိုင်ဖုန်း အသုံးပြု၍ စာရင်းကောက်ယူပြုစု နည်းသင်တန်းမှ လက်တွေ့လုပ်ဆောင်နိုင်သည်အထိ ပို့ချချက်များကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၉၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

၀-၀-၀



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တောင်ကြီးမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(တောင်ကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ စကေးကိုက် အကွက်ချပုံစံပေါ်မူတည်၍ အဆောက်အအုံများတည်ဆောက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး အဆောက်အအုံအသစ်များ ထပ်မံဖြည်းဆည်းဆောင်ရွက်ရာတွင် သတ်မှတ်ဇုန်အလိုက် အစီအစဉ်တကျနှင့် စနစ်တကျ တည်ရှိနိုင်ရေး၊ ဥပမိရပ်ကောင်းမွန်စေရေး၊ နောင်အနာဂတ်တွင် ထပ်မံဖြည့်ဆည်းဆောင်ရွက်ရန် အခြေခံအဆောက်အအုံ လိုအပ်ချက်ပေါ်မူတည်၍ ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်နှင့်စပ်လျဉ်း၍ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ဆောင်ရွက်မည့် စာသင်ဆောင်များ၊ Lab ခန်းများ၊ အလုပ်ရုံများ၊ အသစ်တည်ဆောက်မည့် ကျောင်းသား ကျောင်းသူအဆောင်၊ ဒုတိယပါမောက္ခချုပ်အိမ်ရာ၊ အရာရှိအိမ်ရာများနှင့် ဆရာ ဆရာမအိမ်ရာများ ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ အနာဂတ်တွင်ဖြစ်ပေါ်လာမည့် လိုအပ်ချက်များနှင့်အညီ တင်ပြဆောင်ရွက်ရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်ရေးနှင့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်နေစေရေး အစဉ်ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ တက္ကသိုလ် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဂရုတစိုက်ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်တာဝန်ရှိသူများနှင့်အတူ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)သို့သွားရောက်၍ လက်တွေ့ခန်းများ ပြင်ဆင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းအစည်းအဝေးခန်းမတွင် ကျောင်းနှင့်စပ်လျဉ်းသည့် အချက်အလက်တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ဆရာ ဆရာမများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၇

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် Grade-10၊ Grade-11၊ Grade-12 သင်ကြားရေးတာဝန်ယူကြမည့် ဆရာ ဆရာမများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြု ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ ကျင်းပသည်။

**မွေးထုတ်ပေးနိုင်မည်**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ ရရှိစေရေးအတွက် အခြေခံပညာ အလယ်တန်းအဆင့် (Grade - 6၊ 7၊ 8၊ 9)အတန်းများကပင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဘာသာရပ်ဆိုင်ရာ အခြေခံ ဗဟုသုတများ ရရှိလာစေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိလာသည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများအပေါ် မူတည်၍ ရွေးချယ်လာသော စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များကို Grade-10၊ Grade-11၊ Grade-12 အဆင့်တွင် ဆက်လက်သင်ယူပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် တို့တွင် တက်ရောက်သင်ယူကာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော လူ့စွမ်းအားအရင်းအမြစ်များကို သင်ကြားလေ့ကျင့် မွေးထုတ်ပေးကြမည့် ဆရာ ဆရာမများ အနေဖြင့် မိမိတို့၏တပည့်များ ထူးချွန်ထက်မြက်ရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာခံမှုဟူသည့် နာ သုံးနာကို အခြေခံထားပြီး ဆရာစိတ်ဓာတ် မွေးမြူကာ မိမိတို့ တတ်မြောက်ထားသည့်အတတ်ပညာ၊ လေ့လာခဲ့သော အတွေ့အကြုံ ဗဟုသုတများကို အခြေခံပြီး တပည့်ကျောင်းသား ကျောင်းသူများကို အကောင်းဆုံးလေ့ကျင့် ပြုစုပျိုးထောင်ပေးနိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက်ဖွင့်လှစ်သည့် ယခုသင်တန်းသည် စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထူးပြုဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းသားသင်တန်းသူ ၃၈၁ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး၌ အသစ်တည်ဆောက် လျက်ရှိသည့် ဆင်သေရေလွှဲဆည် တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ် မိုးရာသီအမီ လုပ်ငန်းများပြီးစီးရေး၊ ပုံစံ(၇)ရှိပြီး လယ်မြေများအတွက် လယ်မြေများ စနစ်တကျ ဖော်ထုတ်ပေးခြင်းကို အုပ်ချုပ်ရေး အဖွဲ့များနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ကွင်းဆင်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)ရှိ မျိုးစေ့စမ်းသပ်စိုက်ပျိုးကွင်း၌ ရွှေတောင်-၁၀ နှင့် RAKA 666 ဝါမျိုး နှစ်မျိုး စပ်းသပ်စိုက်ပျိုးထားမှုကို ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စု ဝန်ကြီးက အကြိမ်ကြိမ် ဝါဆွတ်ဝါကောက်ခြင်းနှင့် တစ်ကြိမ်တည်းအပြီး ဝါကောက်သိမ်းခြင်းတွင် ဝါအထွက်နှုန်းနှင့် အကျိုးအမြတ်တူနိုင်သော်လည်း ဝါစိုက်ပျိုးဆွတ်ခူးချိန်ကာလတိုခြင်း၊ တစ်ဧက အထွက်နှုန်းကို တစ်ကြိမ်တည်းဖြင့် အမှန်ရရှိစေနိုင်ခြင်း၊ လုပ်သားရှားပါးမှု အခက်အခဲကို တောင်သူများ ကျော်လွှားနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊** မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါအကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကိုစိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဓာတ်မြေသြဇာများဈေးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးရောင်းချနိုင်ရေး တိုက်တွန်းမှာကြား

နေပြည်တော် ဧပြီ ၂၇

စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် အချိန်မီရရှိရေး အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီးများနှင့် စိုက်ပျိုးရေးသွင်းအားစု ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်မှာကြားချက်နှင့်အညီ ကျေးလက်နေပြည်သူများ အဓိကလုပ်ကိုင်နေကြသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးကာ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရေး၊ ရည်ညွှန်းဈေးနှုန်းများ လစဉ်ထုတ်ပြန်ပေးလျက်ရှိသဖြင့် သိုလှောင်ဈေးကစားခြင်းများ မရှိစေရေးနှင့် သွင်းအားစုများ၏ အရည်အသွေး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီရရှိရေး၊ ထိုက်သင့်သော သက်သာသည့် ဈေးနှုန်းဖြစ်စေရေးကို တာဝန်ရှိသူအားလုံး ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာရပ်ရွာမှ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ စုပေါင်းအားဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်ရေးသည် သွင်းအားစုများသုံးစွဲရန် လိုအပ်ပါကြောင်း၊ စနစ်ကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေးများ ဖြစ်စေရန်အတွက် လိုအပ်သည့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတောင်သူများအနေဖြင့်လည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေနေများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာရပ်ရွာမှ နွေစပါးစိုက်တောင်သူများအတွက် သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၇

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးက ကြီးမှူး၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အလှည့်ကျပါဝင်ဆွေးနွေးရာ အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ ပြည်တွင်းစက်သုံးဆီ ဖြန့်ဖြူးမှုအပေါ် အကျိုးသက်ရောက်မှုရှိနေကြောင်း၊ စက်သုံးဆီတင်သွင်းမှုကို အဓိကအားပြုရသည့် မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အရေးပေါ်တုံ့ပြန်မှု အစီအမံများကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ကာလတို၊ ကာလရှည် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအတွေ့အကြုံများမှ သင်ခန်းစာရယူ၍ အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံ၏ စွမ်းအင်ဖူလုံရေး လုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် အခြားအစားထိုးစွမ်းအင်များ ပြောင်းလဲသုံးစွဲနိုင်ရေး သုတေသနဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှု လုပ်ငန်းများကိုလည်း ရည်မှန်းချက်များ ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် အရှေ့အလယ်ပိုင်း၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ၊ စွမ်းအင်ဖူလုံမှုရှိစေရေးမဟာဗျူဟာကိစ္စရပ်များ၊ လက်ရှိကမ္ဘာ့စွမ်းအင်ဈေးကွက်များနှင့် ထောက်ပံ့မှုကွင်းဆက်များ၊ အထူးသဖြင့် အာဆီယံဒေသတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ဖူလုံမှုရှိစေရေးအတွက် ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံဦးဆောင်သော ဆွေးနွေးမှုပုံစံများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပါအဝင် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်းစွမ်းအင်ဖူလုံရေးကိုကာကွယ်သွားရန် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနတို့က ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

## ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၇ ရက်မှ မေ ၂ ရက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ယခုတစ်ပတ်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

မိုးရွာသွန်းနိုင်သည့်အခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

အမြင့်ဆုံးအပူချိန်များမှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၁၀၁ ဒီဂရီဖာရင်ဟိုက်မှ ၁၁၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**

အနိမ့်ဆုံးအပူချိန်များမှာ ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆ အခြေအနေ**

လေထုစိုထိုင်းဆမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၄၉ ရာခိုင်နှုန်းမှ ၅၉ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်း အတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ**

ပင်ငွေ့ ရေငွေ့ပျံနှုန်းမှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၅ မီလီမီတာမှ ၃၅ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၃၆ မီလီမီတာမှ ၄၅ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၄၆ မီလီမီတာမှ ၅၆ မီလီမီတာအတွင်း အသီးသီးရှိနိုင်ကြောင်း စိုက်ပျိုးရေး မိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားသည်။ **ရွှေမန်း**

# ကျောက်ဆည်မြို့ ဆည်တော်နံ့ ရွှေမုဋ္ဌောဘုရားအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏ အောက်ခြေကျောက်တုံးကြီး ထိန်းသိမ်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ကျောက်ဆည်မြို့ ဆည်တော် နံ့ရွှေမုဋ္ဌောဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏ အောက်ခြေကျောက်တုံးကြီး ထိန်းသိမ်းခြင်းလုပ်ငန်း အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတို့သည် ကျောက်ဆည်မြို့တွင် အနော်ရထာမင်းစော ပထမဆုံး တည်ထားကိုးကွယ်သော ဆည်တော်နံ့ ရွှေမုဋ္ဌောဘုရားစေတီတော်သို့ ရောက်ရှိပြီး စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ် စံပယ်နေသော ဆည်တော်နံ့ ရွှေမုဋ္ဌောဘုရားရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ရွှေ သင်္ကန်းဆက်ကပ်ပူဇော်နိုင်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး ဒေါ်မမ မိသားစုတို့က ငွေကျပ် သိန်း ၁၀၀ ကို လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆည်တော်နံ့ရွှေမုဋ္ဌောဘုရားစေတီတော်နှင့် ဂန္ဓကုဋိတိုက်အား ပြန်လည်တည်ဆောက် ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ဆောင်ရွက်ရမည့် လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မန္တလေးငလျင်ကြီးကြောင့် တိမ်းစောင်းသွားခဲ့သည့် ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏ အောက်ခြေကျောက်တုံးကြီးအား ဘေးပတ်ဝန်းကျင်အန္တရာယ်မဖြစ်ပေါ်စေရန် ထိန်းသိမ်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တာဝန်ရှိသူများက ထိန်းသိမ်းခြင်းကို တိုင်းတာတွက်ချက်ပြီး လုပ်ငန်းအပိုင်းအလိုက် ဆောင်ရွက်နေမှုများ၊ ကျောက်တုံးကြီးအောက်ရှိ အက်ကွဲနေသော ကျောက်သားထုကို ပြုပြင်ခြင်းလုပ်ငန်းအား အဆင့်သုံးဆင့် ခွဲ၍ 25 mm သံချောင်းများအား တောင်စောင်းကျောက်သားများအတွင်း အပေါက်ဖောက်၍ grout cement/hilti စသည် chemical ဖြင့် စိုက်ခြင်းလုပ်ငန်း၊ Cavity Backfill Concrete (အခေါင်းပေါက် ကွန်ကရစ်ဖြည့်) လုပ်ငန်း၊ Down Stage Grouting (ဘိလပ်မြေ ဖိသွင်းခြင်း) လုပ်ငန်းတို့ကို အဆင့်အလိုက် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရန် လုပ်ငန်းစဉ်အဆင့်ဆင့်အား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀











## (RBF) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**နေပြည်တော် မေ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် ရက် (၁၀၀)စီမံချက်ဖြင့် ကျောက်ချက်ကျေးရွာအုပ်စု၊ ရှမ်းရွာကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်၊ လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၆ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲပါ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက စီမံကိန်းလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် နွေရာသီအခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး ဧပြီ ၂၇**

နိုင်ငံတော်သမ္မတ၏ ရက်(၁၀၀)စီမံချက်တွင် ပါဝင်သည့် ဗလငါးတန်နှင့်ပြည့်ဝသည့် ကျောင်းများဖြစ်စေရေး၊ အခြေခံပညာကဏ္ဍတွင် ဗလငါးတန်နှင့်မျိုးဆက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီပိတ်ရက်ကာလ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရန်၊ အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော အနုပညာဘာသာရပ်သင်ကြားမှုကို အထောက်အကူဖြစ်စေရန်၊ မြန်မာ့သုခုမအနုပညာရပ်များကို မြတ်နိုးတန်ဖိုးထားတတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် နွေရာသီအခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းကို ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ဧပြီ ၂၅ ရက်မှ မေ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းသို့သွားရောက်၍ မဟာဂီတကြိုးသီချင်း၊ မြန်မာ့ရိုးရာအဆိုပညာ၏ အခြေခံသံစဉ်(၇)ပါး၊ စန္ဒရားအခြေခံလက်လေ့ကျင့်ခန်းများ၊ အမျိုးသား၊ အမျိုးသမီး အခြေခံကဗျာလွတ်(ပထမအဆင့်)အကများ၊ ကျောင်းသားလူငယ်များ လူပုံရေးဆွဲရာတွင် လွယ်လင့်တကူ ချဉ်းကပ်ရေးဆွဲနိုင်စေရန် လူပုံရေးဆွဲနည်းများနှင့် အခြေခံကနုတ်ရေးဆွဲနည်းများ၊ ရိုးရာပန်းပုအပြင် ခေတ်ပြိုင်ပန်းပုဖန်တီးမှု အခြေခံသဘောတရားနှင့် စွန့်ပစ်ပစ္စည်းများကိုအသုံးပြုပြီး ပန်းပုအနုပညာဖန်တီးနိုင်ပုံများအား ထည့်သွင်းသင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၆ ခုနှစ် လူရည်ချွန်မောင်မယ်များ တည်းခိုနေထိုင်မည့် ခေတ္တစုရပ်စခန်းပြင်ဆင်ထားမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား ဆောင်ရွက်ကြရမည့် ကဏ္ဍများအလိုက် အဆင်ပြေချောမွေ့စေရေး အားလုံးအလေးထားကာ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀













# မန္တလေးတိုင်းဒေသကြီး ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၆) အထိမ်းအမှတ်အခမ်းအနား ကျင်းပ







**မန္တလေး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆)အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့၏ နာယက ဒေါ်မမ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၁)စစ်မြေပြင်ဆေးတပ်ရင်းမှ တပ်ရင်းမှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဖြင့် အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး ပြည်သူလူထုအားလုံးကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် ဖြစ်ပွားမှုနှင့် သေဆုံးမှုများမှ တားဆီးပေးနိုင်ကြောင်း ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း(၁၀၀)စီမံချက်ကာလအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများ ပါဝင်ရာ ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းသည် နှစ်စဉ်အသက်ပေါင်းများစွာကို ကယ်တင်ပေးလျက်ရှိရာ ကာကွယ်ဆေးများ ကာကွယ်ဆေးထိုးစုရပ်အထိ ရောက်ရှိရေး၊ ကလေးတိုင်းထံ ကာကွယ်ဆေးများရောက်ရှိရေး အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ၏ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားမှု၊ သေဆုံးမှုကို လျှော့ချနိုင်ပြီး မျှော်မှန်းလူ့သက်တမ်းတိုးတက်မှုကိုလည်း ကြီးမားစွာ အထောက်အကူဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် ဆောင်ပုဒ်မှာ "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား"ဆိုသည့်အတိုင်း မျိုးဆက်တိုင်းအတွက် တန်ဖိုးကြီးသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများ အောင်မြင်အောင်၊ အနာဂတ်၏ မျိုးဆက်တိုင်းကို အကာအကွယ်ပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ၚင်းနောက် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆)အထိမ်းအမှတ် "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" ကျန်းမာရေးပညာပေးဓာတ်လမ်းတို Videoclip နှင့် တေးသီချင်း Videoclip တို့ကိုလည်းကောင်း၊ ခင်းကျင်းပြသထားမှုများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ အာဟာရဖြည့်စွက်စာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ၂၇ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၅၀၀ | ၁၃,၀၀၀ | ၁,၁၄၂ | ၁၄,၈၄၅,၅၀၀ |
| MTSH | ၆,၁၀၀ | ၆,၂၀၀ | ၂,၁၇၆ | ၁၃,၄၆၂,၆၀၀ |
| MCB | ၉,၅၀၀ | ၉,၄၀၀ | ၆၁ | ၅၇၉,၀၀၀ |
| FPB | ၃,၉၀၀ | ၄,၀၀၀ | ၂,၄၂၁ | ၉,၆၆၄,၈၅၀ |
| TMH | ၃,၁၀၀ | ၃,၀၅၀ | ၁၅ | ၄၅,၈၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၂၉၇၄ | ၅,၄၀၁,၉၀၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၅ | ၁၉,၉၀၀ |
| MAEX | ၃,၉၀၀ | ၃,၉၅၀ | ၂,၀၄၆ | ၈,၀၇၉,၂၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၀ | ၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၁၅၀ | ၅,၇၇၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သတင်း-စာမျက်နှာ ၈



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက် အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင် ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသား ရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေ နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❐ စာမျက်နှာ ၂၄ မှ

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)မှသင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာ တည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြား ပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှု ထမ်းသင်တန်းများမှ သင်တန်း ဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း များသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံ များကိုလည်း ယခုလိုပဲ ကြားသိ ရပါသည်-

၁။ နိုင်ငံသား တစ်ယောက် အနေနဲ့ ဒီပြည်သူ့စစ်မှုထမ်း ကို ထမ်းဆောင်သင့်တယ်ထင် လို့ ကျွန်တော်လာပြီး ထမ်းဆောင် တာဖြစ်ပါတယ်။ ဘယ်လိုခံယူ ချက်လဲဆိုတော့ မြန်မာနိုင်ငံမှာရှိ တဲ့သူတွေ ယောကျ်ားသားတိုင်းက ဒီပြည်သူ့စစ်မှုထမ်းကို မည်သူမဆို ထမ်းဆောင်သင့်တယ် ထင်လို့ ကျွန်တော်လာရောက် ထမ်းဆောင် ခြင်းဖြစ်ပါတယ်။ ကျွန်တော့် မိသားစုတွေကတော့ ပြည်သူ့စစ်မှု ထမ်းကို လိုလိုလားလားနဲ့ပါ။ မြန်မာနိုင်ငံသား တစ်ယောက် အနေနဲ့ပေါ့။ သူတို့ကတော့ တက်ရောက် စေချင်တယ်လို့ ကျွန်တော် ကိုယ်တိုင်ကလည်း တက်ရောက်ချင်တဲ့ စိတ်ရှိလို့ ပြည်သူ့စစ်မှုထမ်းကို တက်ရောက် ခြင်းဖြစ်ပါတယ်။ ကိုယ်ဝါသနာပါ တာလဲဖြစ်သလို ကိုယ့်မိဘတွေက လည်း လိုက်ပြီးတော့ လိုက်လျော ညီထွေစွာနဲ့ တိုက်တွန်းပေးတယ်။ ပြီးတော့ ဒီမှာအပေါင်းအသင်း ဘော်ဒါတွေလည်းရှိတော့ ပိုပြီး ပျော်ရွှင်ရပါတယ်။ ပြည်သူ့ စစ်မှုထမ်းကို ပြဋ္ဌာန်းလိုက်တဲ့ အချိန်မှာဆိုရင် နိုင်ငံသား







တစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံကို တာဝန်ယူ ကာကွယ်ရမယ်ဆိုပြီး သိရှိ နားလည်လာပါတယ်။ ပြီးတော့ မျိုးချစ်စိတ်ဓာတ်နဲ့ နိုင်ငံကို ကာကွယ်ချင်တဲ့ စိတ်လည်း ဖြစ်လာပါလိမ့်မယ်။

၂။ တာဝန်သိတတ်တဲ့ နိုင်ငံသား တစ်ယောက်အနေနဲ့ ကျွန်တော် ကျရာတာဝန်ကို လာရောက် ထမ်းဆောင်ခြင်း ဖြစ်ပါတယ်။ ကျွန်တော် သင်တန်းပြီးသွားလို့ တာဝန်ကျတဲ့ တပ်ဌာနတွေမှာ ကျွန်တော် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားမယ်လို့ ပြောချင် ပါတယ်။

၃။ ကျွန်တော် ကိုယ်တိုင်လည်း ဒီသင်တန်းကို စိတ်ပါဝင်စားစွာ တက်ရောက်ဖို့ လာရောက် တက်ရောက်ခြင်း ဖြစ်ပါတယ်။ အလွန်ကောင်းပါတယ်။ မြန်မာ နိုင်ငံသားအားလုံးလည်း ပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော့်အနေ နဲ့ သင်တန်းမှာ သင်ပြသွားမယ့် ဘာသာရပ်တိုင်းကို အကောင်းဆုံး နဲ့ အတတ်နိုင်ဆုံး ကြိုးစာပြီးတော့ လေ့လာသွားပါမယ်။ ဒီသင်တန်း အပတ်စဉ် (၂၄) ပြီးဆုံးသွားရင် ကျွန်တော်ရဲ့ ကျရာတာဝန်၊ တပ်ရင်းကပေးတဲ့ တာဝန်ကို အကောင်းဆုံးတာဝန်ထမ်းဆောင် သွားပါမယ်။

✪ စာမျက်နှာ ၂၄ မှ

မြန်မာနိုင်ငံတွင် တက်ကြ်ဘောအားကစားနည်းကို ပြီးခဲ့သည့် နှစ်က စတင်မိတ်ဆက်ခဲ့ပြီး ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပသည့် (၃၃) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရရှိသည်။ မြန်မာတက်ကြ်ဘောအသင်း သည် အာရှအဆင့်ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ရသော်လည်း ပြိုင်ပွဲ တစ်လျှောက် စွမ်းဆောင်ရည်ကောင်း ပြသနိုင်ခဲ့ပြီး ချီးကျူးအသိအမှတ်ပြု ခံခဲ့ရကြောင်း သိရသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MTF

## ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ကွင်းဆင်းကြီးကြပ်

ကျောက်မဲ ဧပြီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ဆေးလိတ် ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း(အမြင့်တင်) (၂/၀)မိုင် လုပ်ငန်း ဆောင်ရွက်ရန် ယမန်နေ့နံနက်ပိုင်းတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူအောင် ဦးစီးသည့်အဖွဲ့က နယ်မြေကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက တောင်ဆေးလိတ် ကျေးရွာ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကျေးရွာသူ ကျေးရွာသားများ သောက်သုံးရေဖူလုံစေရေး၊ နွေရာသီတွင် ရေရှားပါးပြတ်လပ်မှုမရှိစေ ရေးအတွက် စိမ့်စမ်းအမြင့်တင်ရေသွယ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ကောင်းမွန်စေရေး ကျေးရွာလူထုက အလေးထားပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။ ထို့နောက် အမြင့်တင်ရေကန်တည်ဆောက် မည့် ကျေးရွာပိုင်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ပြည်နယ် အစိုးရအရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော Quick Win အစီအစဉ် ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးခင်မောင်အေး မြို့တွင်းအဓိကရေနုတ်မြောင်းမကြီးများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု



**မန္တလေး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးခင်မောင်အေးသည် မြို့တော်စည်ပင်ဌာနအသီးသီးမှ ဌာနမှူးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းက မြို့တွင်းအဓိကရေနုတ်မြောင်းမကြီးများ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများအသုံးပြု၍ မြောင်းဆယ်သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၇လမ်း ဓောင်းကလောရေတံခါး အနီးရှိ ကိုလံဘိုမြောင်းမကြီးအား ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးများအသုံးပြု၍ အမှိုက်များ၊ မြောင်းစာများဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ၇၈လမ်း (ရန်-မန်း)လမ်းမကြီးဘေးရှိ ငွေတချောင်းမြောင်းမကြီးအား စက်ယန္တရားကြီးများဖြင့် အမှိုက်နှင့် မြောင်းစာများ ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က မကြာမီ မိုးရာသီကာလရောက်ရှိတော့မည်ဖြစ်၍ မြို့တွင်းအဓိကရေနုတ်မြောင်းမကြီးများတွင် အမှိုက်များ ပိတ်ဆို့နေမှုများ မရှိစေရေးနှင့် ရေစီးရေလာကောင်းအောင် မြောင်းဆယ်သန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရေး၊ မြောင်းဆယ်ယူရှင်းလင်းမှုများနှင့်အတူ စက်ယန္တရားများ၊ အမှိုက်သိမ်းယာဉ်များ လွယ်ကူစွာဝင်၊ ထွက်နိုင်ရေးအတွက် မြောင်းဘေးဝဲ၊ယာ တစ်လျှောက်တွင် ကျူးကျော်အိမ်ရာဆောက်လုပ်မှုများမရှိအောင် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်သွားရေးနှင့် မြောင်းဆယ်ယူရှင်းလင်းရေးလုပ်ငန်းများအတွက် စက်သုံးဆီများ လေလွင့်မှုမရှိစေဘဲ စနစ်တကျ သုံးစွဲသွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်)

# လှိုင်ကော်ဒေသတွင် အာလူးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေမြင့်တက်လာ

**လှိုင်ကော် ဧပြီ ၂၇**

ကယားပြည်နယ်၊ လှိုင်ကော်မြို့သည် သဘာဝတောတောင် ရေမြေအလှတို့နှင့် လှပသည့် မြို့တစ်မြို့ဖြစ်ပြီး လှိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်များတွင် နေထိုင်သော ကျေးလက်တောင်သူများသည် မိသားစုအပို ဝင်ငွေရရှိရေးအတွက် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် အာလူးကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



သက်ဆိုင်ရာဌာန၏ စာရင်းများအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကယားပြည်နယ်တွင် အာလူးကို မိုးရာသီနှင့် ဆောင်းရာသီဟူ၍ နှစ်ရာသီခွဲ၍ စိုက်ပျိုးထားပြီး မိုးအာလူး ၃ ဧကနှင့် ဆောင်းအာလူး ၁၅၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ယခုအခါ မိုးအာလူး ၃ ဧကလုံးကို ရိတ်သိမ်းပြီးဖြစ်ကာ ထွက်ရှိသည့် အာလူးများကို ပြည်နယ်အတွင်း ဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အထိ ရောင်းချလျက်ရှိသည်။

အာလူးသည် ရေဝပ်ခြင်း မကြိုက်သောကြောင့် စိုက်ပျိုးရာတွင် ရေထုတ်မြောင်းများကို ကောင်းစွာပြုလုပ်ရန် လိုအပ်ပြီး ထွန်မွှေခြင်း၊ စိုက်ကြောင်း ဆွဲခြင်းနှင့် ကျင်းဖောက်စနစ်တို့ဖြင့် စိုက်ပျိုးကြကြောင်းလည်း သိရသည်။

စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် မျိုးစရိတ်၊ စိုက်ခင်းပြင်ဆင်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်းနှင့် အလုပ်သမားခတို့အပါအဝင် စုစုပေါင်း ကုန်ကျစရိတ်မှာ ခန့်မှန်းအားဖြင့် ငွေကျပ် ၁၃၄၀၀၀၀ ဝန်းကျင် ရှိသည်။

တစ်ဧကလျှင် အထွက်နှုန်း ပိဿာ ၂၀၀၀ ခန့် ရရှိပြီး တစ်ပိဿာ ကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချပါက ဝင်ငွေ ကျပ် ၁၁၀၀၀၀၀၀ ဝန်းကျင် ရရှိနိုင်သည်ဟု ဆိုသည်။

ထို့ကြောင့် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမှာ ၁း၈ ဒသမ ၂ ခန့်ရှိပြီး အမြတ်ငွေ ကျပ် ၉၆၆၀၀၀၀ ဝန်းကျင်ရရှိနိုင်သဖြင့် အာလူးသည် စီးပွားဖြစ် စိုက်ပျိုးသင့်သော စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(ရွှေမန်း)



# နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစစ်ဆေးရေးကတ် မရှိသည့် ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးဌာန၊ တောင်တွင်းကြီးမြို့နယ် လဝကဦးစီးမှူးရုံးမှ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစစ်ဆေးရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ စဉ်ဆက်မပျက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၈ နာရီက ရွှေကြာအင်း (၁)ရပ်ကွက်၊ ရွှေကြာအင်း (၂)ရပ်ကွက်များသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်လဝကဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဟိန်းဇော်မင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုခဲ့ကာ ပြည်သူများ အခက်အခဲမရှိ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(မိဿနိုးမြေ)

# တာချီလိတ်မြို့နယ်၌ လျှပ်စစ်ဓာတ်အားကြိုးလိုင်းများ အဆင့်မြှင့်တင် အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်

**တာချီလိတ် ဧပြီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားအသုံးပြုမှု လုံခြုံစိတ်ချရမှု တိုးတက်စေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့မီးလင်းရေး ဦးဆောင်ကော်မတီ၏ ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်း ယခင်သွယ်တန်း အသုံးပြုထားသော ဓာတ်အားလိုင်းကြိုးများ အဆင့်မြှင့်တင် အစားထိုးလဲလှယ်ခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ပုန်းထွန် ရပ်ကွက်၊ စဝ်စံထွန်းလမ်း တစ်လျှောက် ဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ပုန်းထွန်ရပ်ကွက်၊ ငွေစေတီလမ်း၊ ငွေတောင်ဦးကျောင်းရှေ့မှ စပ်စံထွန်းလမ်းတစ်လျှောက် သွယ်တန်းထားသော 22 KV ဓာတ်အားလိုင်းတွင် ယခင်သွယ်တန်း အသုံးပြုထားသော ACSR-50 sqmm လိုင်းကြိုးများကို SAC-185 sqmm လိုင်းကြိုးများဖြင့် အဆင့်မြှင့်တင် အစားထိုးလဲလှယ်ခြင်း၊ လိုအပ်သည့်နေရာများတွင် လျှပ်စစ်တိုင်သစ်များ ထပ်တိုးစိုက်ထူခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ် ရပ်ကွက်ကျေးရွာအချို့၌ လုပ်ငန်းလိုအပ်ချက်အရ လျှပ်စစ်ဓာတ်အားများ အချိန်ပိုင်း ဖြတ်တောက်ထားမည်ဖြစ်ပြီး လုပ်ငန်းများ ဆောလျင်စွာပြီးစီးပါက အမြန်ဆုံး လျှပ်စစ်ဓာတ်အားများ ပုံမှန်အတိုင်း ပြန်လည်လွှတ်မည်ဖြစ်ကြောင်း မြို့မီးလင်းရေးဦးဆောင်ကော်မတီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

(ဝဲပုံ)

ကျော်ဇေယျာလင်း(ပြန်/ဆက်)

# GPM Racing မှ မျိုးဆက်သစ် မြန်မာ့ဂုဏ်ဆောင် Professional ဆိုင်ကယ်စီးအားကစားသမားသစ်များ ရွေးချယ်မည်



**မန္တလေး ဧပြီ ၂၇**

မြန်မာနိုင်ငံအတွင်း ဆိုင်ကယ်စီးအားကစား (Motorsport) ကို ဝါသနာပါသော လူငယ်များအတွက် နိုင်ငံတကာအဆင့်မီ Professional Rider များအဖြစ် လေ့ကျင့်ပျိုးထောင်ပေးမည့် "GPM Racing Rider Selection Day" ပြိုင်ပွဲကြီးကို မကြာမီ ကျင်းပတော့မည်ဖြစ်ကြောင်း GPM Racing Team ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ရွေးချယ်ပွဲကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဟူ၍ နယ်မြေနှစ်ခုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး နယ်မြေအလိုက် ထူးချွန်သည့် ဆန်ခါတင် Rider များကို ရှေးဦးစွာ ရွေးချယ်ကာ ၎င်းတို့ထဲမှ GPM Racing Team ၏ တရားဝင် Rider သစ်အဖြစ် လက်တွဲဆောင်ရွက်မည့်သူကို ထပ်မံစိစစ်ရွေးချယ်သွားမည် ဖြစ်သည်။

ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ဆိုင်ကယ်များကို ယူဆောင်လာရန် မလိုအပ်ဘဲ GPM Racing မှ သတ်မှတ်ပေးထားသော ပြိုင်ပွဲဝင်ဆိုင်ကယ်များကိုသာ အသုံးပြု၍ Time Attack Mode (အချိန်တိုင်းစနစ်) ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ၎င်းစနစ်သည် ပြိုင်ပွဲဝင်များ၏ ကျွမ်းကျင်မှုနှင့် အချိန်ထိန်းချုပ်နိုင်စွမ်းကို အဓိကထား စစ်ဆေးမည်ဖြစ်သည်။

ရွေးချယ်ခံရသည့် Rider သစ်များအနေဖြင့် အဆင့်မြင့်နည်းပြများ၊ အကောင်းဆုံးပြိုင်ပွဲဝင် ဆိုင်ကယ်များဖြင့် စနစ်တကျ လေ့ကျင့်ခွင့်ရရှိမည့်အပြင် နိုင်ငံတကာဆိုင်ကယ်ပြိုင်ပွဲများတွင် GPM Racing နှင့် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ခွင့်နှင့် Professional Rider တစ်ဦးအတွက် ထိုက်တန်သော ခံစားခွင့်များ ရရှိမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူ ဝါသနာရှင်များအနေဖြင့် GPM Racing မှ ထုတ်ပြန်ထားသော Online Form မှတစ်ဆင့် စတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် ရက်စွဲနှင့် နေရာအတိအကျကိုမူ နည်းပညာနှင့် နယ်မြေ အခြေအနေများအရ GPM Racing Team Page မှတစ်ဆင့် မကြာမီ ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

# ရက်(၁၀၀)စီမံချက်ဖြင့် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း



**ဆီဆိုင် ဧပြီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက ပါလောပါကယ် ကျေးရွာအုပ်စု၊ တိကလိုင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာပြည်သူများက အများသဘောဆန္ဒနှင့် အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

# သံပရာသီး ဈေးကောင်းရ၍ စိုက်ပျိုးသူများ အဆင်ပြေ

**ကျွန်းလှ ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် နေအိမ်ခြံဝင်းများအတွင်း မြေအောက်ရေတင်ပြီး နှစ်ရှည်ပင်သီးနှံစုံ စိုက်ပျိုးကြရာ နွေရာသီကာလ သံပရာသီး ဈေးကောင်းရ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

"ကျွန်တော့်နေအိမ်ခြံဝင်းထဲမှာ နှစ်ရှည်ပင်သီးနှံဖြစ်တဲ့ သံပရာပင် (ဗမာမျိုး) စိုက်ပျိုးထားပါတယ်။ သံပရာပင်က နွေရာသီနဲ့ မိုးရာသီ နှစ်ကြိမ်သီးပါတယ်။ ရေကြိုက်တာကြောင့် နွေရာသီမှာ ရေများများ လောင်းပေးရပါတယ်။ သံပရာသီးက ဆေးဖက်ဝင်ပြီး လူကြိုက်များတဲ့အတွက် မိုးရာသီမှာ တစ်လုံးကို ငွေကျပ် ၁၀၀ ရောင်းရသော်လည်း နွေရာသီမှာ တစ်လုံးကို သေးရင် ငွေကျပ် ၅၀၀နဲ့ ကြီးရင် ငွေကျပ် ၁၀၀၀ အထိ ရောင်းရပါတယ်"ဟု သံပရာပင် စိုက်ပျိုးသူတစ်ဦးက ပြောသည်။



ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး နွေ၊ မိုး၊ ဆောင်း ချောင်းရေ၊ မြောင်းရေနှင့် မြေအောက်ရေတင်ပြီး စပါးအပြင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ အခြားသီးနှံများနှင့် နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးကြကြောင်း သိရသည်။

(ဝဲပုံ) (၄၈၀)

# မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ




**မြို့သစ် ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ(Talk Show)တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုထွေးတို့က မသန်စွမ်းမှု အမျိုးအစားများ၊ မသန်စွမ်းသူ၏အဓိပ္ပာယ်၊ မသန်စွမ်းသူများအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ မသန်စွမ်းကလေးများအတွက် ပညာသင်ကြားမှုနှင့်ပတ်သက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ကျောင်းများ၊ သင်ကြားပေးသည့် ဘာသာရပ်များ၊ မသန်စွမ်းအမျိုးအစားအလိုက် ပညာသင်ကြားပေးသော နည်းစနစ်များ၊ မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးမှု အခြေအနေများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝင်းအိဇွန်(ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။



# ချောက်မြို့နယ်၌ ဆယ်အိမ်စုမှူး သင်တန်းဖွင့်လှစ်

**ချောက် ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ဆယ်အိမ်စုမှူးသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စာရင်းစစ် ဒေါ်ပိုင်းရီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းတွင် တက်ရောက်သင်ကြားသည့် သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဗဟိုမှ ပေးအပ်သည့် ဆယ်အိမ်စုမှူးသင်တန်းလက်စွဲစာအုပ်များပေးအပ်ရာ သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ချောက်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက "လူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း"ကိုလည်းကောင်း၊ "မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း"၊ "ပညာရေးစောင့်ရှောက်မှု"၊ "သဘာဝဘေးစီမံခန့်ခွဲမှု"၊ "ကျန်းမာရေးအသိပညာပေးခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေး"၊ "ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာဥပဒေ၊ "ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ"နှင့် "တိုင်းရင်းဆေးပညာအကြောင်း"တို့ကို လည်းကောင်း အသီးသီး ဟောပြောခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၀ဦး တက်ရောက်ခဲ့ပြီး ယမန်နေ့ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းကာလ တစ်ရက်သင်ကြားပို့ချကြောင်း သိရသည်။

(ဝဲပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

## လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ



**မန္တလေး ဧပြီ ၂၇**

လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ ရပ်ကွက် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးကိုကိုထွေး၊ ဦးဇော်ဝင်းသန့် (ခ)ဦးထက်အောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ လွှတ်တော်ကိုယ်စားလှယ်များ၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်အတွေ့အကြုံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်များ ဆောင်ရွက်ရန် အခြေအနေများကို အသီးသီးရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ လွှတ်တော်ကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၁)**



## သွားကျန်းမာရေး ကွင်းဆင်းကုသပေး

**ကလော ဧပြီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင် ပြည်သူ့ဆေးရုံ၊ အောင်ပန်းမြို့နှင့် ဟဲဟိုးမြို့တို့အတွင်းရှိ မြို့နယ်၊ကျေးရွာများတွင် မန္တလေးမြို့သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခများဦးဆောင်၍ ဘွဲ့လွန်သင်တန်းသားဆရာဝန်များ ပါဝင်သည့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းမှစ၍ ကွင်းဆင်းဆေးကုသပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းကုသရာတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာကျော်တင့်၊ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်ဝင်း၊ ပါမောက္ခ ဒေါက်တာမောင်မောင်မြင့်၊ ပါမောက္ခ ဒေါက်တာဇေယျာမောင်တို့ ဦးဆောင်သော သွားနှင့်ခံတွင်းအထူးကုဆရာဝန်များ၊ ဘွဲ့လွန်သွားဘက်ဆိုင်ရာကျောင်းသား၊ ကျောင်းသူများနှင့် နောက်ဆုံးနှစ် သွားဘက်ဆိုင်ရာကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၃ ဦးတို့သည် ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ သွားဘက်ဆိုင်ရာ ရောဂါများကို ကုသပေးခြင်း၊ အံကပ်များအခမဲ့တပ်ဆင်ပေးခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနှင့် သွားကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်မည်ဖြစ်ပြီး ဧပြီ ၂၅ ရက်တွင် ကလောခရိုင် ပြည်သူ့ဆေးရုံတွင်လည်းကောင်း၊ အောင်ပန်းမြို့တွင် လှည်းရိုးကျောင်းတိုက်၌လည်းကောင်း လူကြီး ၁၉၄ ဦး၊ ကလေး ၇၀ ဦး၊ စုစုပေါင်း ၂၆၄ ဦးအား ကုသပေး၍ ၅၆ ဦးအား အံကပ်ပြုလုပ်ပေးခဲ့သည်။

အဆိုပါ သွားကျန်းမာရေး ကွင်းဆင်းကုသမှုအား ကျန်းမာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က လာရောက်ကြည့်ရှုခဲ့ပြီး ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနန္ဒာလှမြင့်က ကွင်းဆင်းကုသပေးမည့် သွားဘက်ဆိုင်ရာအဖွဲ့အား အလှူငွေကျပ် သိန်း ၂၀ လာရောက်ပေးအပ်လှူဒါန်းရာ ကလောခရိုင်ပြည်သူ့ဆေးရုံအုပ်၊ ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းသန္တာဖြူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ကျေးရွာ(၁၆)ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**မန္တလေး ဧပြီ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်(၁၃)မြို့နယ်မှ ကျေးရွာ(၁၆)ရွာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ရန်ပံ့ငွေကျပ်သိန်း ၂၄၀၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ၊ လုပ်အားများဖြင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ကျောက်ဆည်မြို့နယ်မှ ရှမ်းတောင်ဦးကျေးရွာ၊ စဉ့်ကိုင်မြို့နယ်မှ ထန်းသုံးပင်ကျေးရွာ၊ မြစ်သားမြို့နယ်မှ ကင်းစိန်ဈေး(ရ)ကျေးရွာနှင့် ခန္တီလေးကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်မှ ပေါက်သစ်ကျေးရွာ၊ ညောင်ဦးမြို့နယ်မှ ကူရှာကျေးရွာနှင့် ရှင်မိန်ကျေးရွာ၊ မလှိုင်မြို့နယ်မှ ရေချိုဘူတာကျေးရွာနှင့် ကြိုးကြာဥကျေးရွာ၊ မိတ္ထီလာမြို့နယ်မှ ပန်းတင်ကျေးရွာ၊ ဝမ်းတွင်းမြို့နယ်မှ အုပ်နဲ့ကျေးရွာ၊ သာစည်မြို့နယ်မှ ရွှေလုံ(မ)ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်မှ ဖက်တောကျေးရွာ၊ ရမည်းသင်းမြို့နယ်မှ ချောင်းဖျားကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်မှ တောတွင်ကျေးရွာ၊ အမရပူရမြို့နယ်မှ ငယ်တိုးကျေးရွာတို့ဖြစ်ပြီး ယခုအချိန်တွင် ကျေးရွာများ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး နှစ်စဉ် စီမံကိန်းထောက်ပံ့ရန်ပံ့ငွေ၊ ကျေးရွာ ပြည်သူလူထုထည့်ဝင်ငွေများဖြင့် လမ်း၊ တံတား၊ သောက်သုံးရေရရှိရေး၊ မီးလင်းရေး အစရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) စိုးမိုးကျော်**

*-*-*-*-*-*-*





## မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းနှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကျင်းပ၊ အမှုဆောင်အဖွဲ့သစ်ရွေးချယ်

**မန္တလေး ဧပြီ ၂၇**

မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၂လမ်းရှိ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း နာယက ပါမောက္ခ ဒေါက်တာ ဦးမိတ်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးချစ်မောင်က အမှုဆောင်အဖွဲ့သစ် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များက အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်များအဖြစ် ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်နု(မန္တလေး)၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ထွန်း(ရွှေကူ)၊ အတွင်းရေးမှူး ဦးထွန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးဝေမင်းသန့်(မန်ကျည်းဗုဒ်)၊ အဖွဲ့ဝင် ဦးထွန်းမြင့် (အိုးဝေ-မြေနီကျင်း)၊ ဦးကျော်စိုးဦး(မန္တလေး)တို့အား ရွေးချယ်ခဲ့ကြပြီး ဥက္ကဋ္ဌသစ် ဒေါ်ယဉ်ယဉ်နုက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများကို စာအုပ်များလက်ဆောင်ပေးပြီး လက်ဖက်ရည်နှင့်မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

## မြေသားမိုးရေကန်ပြုပြင်တူးဖော်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရမည်းသင်းမြို့နယ်၊ သစ်ဆုံလေးကျေးရွာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် မြေသားမိုးရေလှောင်ကန်ပြုပြင်တူးဖော်နိုင်ရေး လက်ရှိမြေပြင် အခြေအနေများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြေသားမိုးရေလှောင်ကန်ပြုပြင် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး လက်ရှိမြေပြင် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

သစ်ဆုံလေးကျေးရွာ မြေသား မိုးရေလှောင်ကန်ပြုပြင်ခြင်း အလျား ပေ ၃၀၀၊ အနံ ပေ ၁၅၀၊ အနက် ၅ ပေ တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၆၁ အိမ်၊ လူဦးရေ ၈၅၀ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် ရာသီမရွေး သောက်သုံးရေများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

*-*-*-*-*-*-*

# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ(၃၄)

မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီး ထိခိုက်ပျက်စီးခဲ့တဲ့ ဘုရားစေတီတော်များထဲက တွေ့ရှိလာတဲ့ ဌာပနာအမွေအနှစ်များထဲက ရခိုင်ဒင်္ဂါးနဲ့ပတ်သက်ပြီး သုတေသနရှုထောင့်ကနေ မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ(၂၃) ဆောင်းပါးမှာ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ငလျင်ကြောင့် ပြိုပျက်ခဲ့ရတဲ့ ဘုရားစေတီအချို့မှာ ခေတ်ဒင်္ဂါးအရေအတွက် အတော်များများ တွေ့ခဲ့ရပေမယ့် ရှေးဟောင်းဒင်္ဂါးကတော့ အတွေ့ရ နည်းပါတယ်။ ဒင်္ဂါးအနေနဲ့ ပျူခေတ်ကစလို့ ခေတ်အဆက်ဆက်မဟုတ်သော်လည်း ရခိုင်ဒင်္ဂါး၊ ပဲခူးဒင်္ဂါး၊ အမရပူရဒင်္ဂါးနဲ့ ရတနာပုံဒင်္ဂါးဆိုပြီး ထုတ်လုပ်သုံးစွဲခဲ့တာကို တွေ့ရပါတယ်။

အခုလည်း ငလျင်ကြီးကြောင့် ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက် သွန်းလောင်းသုံးစွဲခဲ့တဲ့ ငွေဒင်္ဂါးတစ်ခုအကြောင်းကို ဗဟုသုတရှုထောင့်ကနေ ရေးသားတင်ပြလိုပါတယ်။ ဒင်္ဂါးအကြောင်းပဲ ဘာထူးဆန်းလို့လဲဆိုပြီး စောဒကတက်လာခဲ့ရင် အရင်က မထူးဆန်းပေမယ့် အခုတော့ စိတ်ဝင်စားစရာကောင်းတဲ့ အခြေအနေတစ်ခုနဲ့ ကြုံကြိုက်လာလို့ အများသူငါ သိသင့်တယ်လို့ ယူဆပြီး အခုဆောင်းပါးကို ရေးသားတင်ပြရခြင်းလည်း ဖြစ်ပါတယ်။

ဒီတော့ ရတနာပုံဒင်္ဂါးအကြောင်း မပြောမီ ဒင်္ဂါးရာဇဝင်အကျဉ်းလေးကိုအရင် တင်ပြပါမယ်။ ဒင်္ဂါးဆိုတဲ့ အမှတ်အသားနှစ်ဖက်ပါ ရွှေ၊ ငွေ အဝင်းပြားလေးတွေကို မြန်မာနိုင်ငံရဲ့ သက်တမ်းအရင့်ဆုံး ပျူမြို့ပြနဲ့ပတ်သက်နေတဲ့ နေရာဒေသအချို့မှာ တွေ့ခဲ့ကြပါတယ်။ ပုံစံက အဝိုင်းဖြစ်တာရယ်၊ နှစ်ဖက်စလုံးမှာ အမှတ်လက္ခဏာတွေပါနေတာရယ်ကြောင့် ဒင်္ဂါးလို့ သုံးနှုန်းလိုက်ရပေမယ့် ငွေကြေးအဖြစ် သုံးစွဲခဲ့တယ်ဆိုတဲ့ အချက်ကတော့ သုတေသနပြုဆဲ ဖြစ်ပါတယ်။ တူညီနေတဲ့အချက်က ပျူမြို့များဖြစ်တဲ့ သီရိခေတ္တရာ၊ ဟန်လင်းနဲ့ဗိဿနိုးအပြင် တကောင်းနဲ့ ကျိုက္ကသာလို မြို့ဟောင်းများမှာလည်း ဒင်္ဂါးလေးတွေကို တွေ့ရပါတယ်။ ခေတ်ပြိုင်လူသားများရဲ့ တူညီတဲ့ အတွေးအခေါ်နဲ့ ဆောင်ရွက်ချက်များလို့ပဲ သုံးသပ်ရပါတယ်။ နောက်ပြီး အသုံးပြုဖန်တီးထားတဲ့ သတ္တုကလည်း ရွှေနဲ့ ငွေဖြစ်နေတော့ ခိုင်မာတဲ့ အထောက်အထား မတွေ့ရသေးသော်လည်း အထိမ်းအမှတ် သွန်းလောင်းခဲ့မယ်လို့ ယူဆရပါတယ်။

အဲ့ဒီအစဉ်အလာဟာ မြန်မာဘုရင်များထက် ရခိုင်ဘုရင်များ ထီးနန်းဆက်ခံခြင်းအထိမ်းအမှတ်အဖြစ် မင်းအစဉ်အဆက်သွန်းလောင်းခဲ့တာကို ပိုပြီး တွေ့ခဲ့ရပါတယ်။ ပျူဒင်္ဂါးများမှာ တက်နေဝန်း၊ ခရုသင်း၊ ဘဒ္ဒပီဌနဲ့ သီရိဝစ္ဆရုပ်များကို အားလုံးမဟုတ်သော်လည်း အများအားဖြင့် ဖန်တီးထားတာ တွေ့ရပါတယ်။ သူတို့ချည်းပဲတော့ မဟုတ်ဘဲ အခြားသော အရုပ်များဖြစ်တဲ့ ချွန်းတောင်း၊ နေ၊ စကြာ၊ ဘူမိဒေဝီ၊ သမုဒ္ဒရာနဲ့ တောင်စဉ်ခုနစ်ထပ်တို့ကိုလည်း ရံဖန်ရံခါ တွေ့ရတတ်ပါသေးတယ်။ နောက်ပိုင်းမှာတော့ ဘုရင်သစ်ရဲ့ နန်းတက်သက္ကရာဇ်နဲ့ အထိမ်းအမှတ်အရုပ်လေးများကို ထည့်သွင်းဖန်တီးလာတာကိုလည်း တွေ့ရပါတယ်။

ပျူခေတ်ကိုဆက်ခံတဲ့ ပုဂံခေတ်ကစပြီး ပင်းယ၊ အင်းဝနဲ့ တောင်ငူခေတ်များမှာတော့ ဒင်္ဂါးမသုံးဘဲ ငွေနဲ့ကြေးကို အလေးချိန်ဖြင့် သုံးစွဲခဲ့ကြပါတယ်။ ညောင်ရမ်းခေတ်မှာတော့ ဒင်္ဂါးသုံးတယ်လို့ ကျောက်စာအထောက်အထား တွေ့ရသော်လည်း လက်တွေ့အနေနဲ့ တွေ့ခဲ့ရခြင်းမရှိသေးပါ။ ဆက်လက်ပြီး ဆောင်းပါးရဲ့အဓိက အကြောင်းအရာဖြစ်တဲ့ ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက် ခတ်နှိပ်ဖန်တီးခဲ့တဲ့ ဒင်္ဂါးအကြောင်း ဆက်ပြီးတင်ပြပါ့မယ်။

တကယ်တော့ ရတနာပုံခေတ်မတိုင်မီ အမရပူရခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်ကတည်းက ဒင်္ဂါးကို အိန္ဒိယမှာ သွန်းလောင်းစေပြီး သုံးစွဲစေခဲ့သော်လည်း နောက်ပိုင်းမှာ အင်္ဂလန်က လက်ဆောင်ဆက်သတဲ့ ဒင်္ဂါးစက်ကို အသုံးပြုကာ မျက်နှာစာဘက်မှာ မြန်မာသက္ကရာဇ် ၁၁၄၃၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ ကျောဘက်မှာ ငါးနှစ်ကောင်ပါတဲ့ ကြေးဒင်္ဂါး၊ မျက်နှာစာဘက်မှာ ကျားရုပ်ပါပြီး ကျောဘက်မှာ ၁၁၄၆၊ အမရပူရ ဆင်ဖြူများရှင်နိုင်ငံလို့ ခတ်နှိပ်ထားတဲ့ ငွေဒင်္ဂါးများကို ပြည်တွင်းမှာ သွန်းလောင်းသုံးစွဲခဲ့ပေမယ့် သိပ်မတွင်ကျယ်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဘိုးတော်ရဲ့ အရိုက်အရာကို ဆက်ခံခဲ့တဲ့ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်မှာ ပထမဆုံးနယ်ချဲ့အင်္ဂလိပ်ကို စစ်ရှုံးတော့ စစ်လျော်ကြေးအဖြစ် ဒိုင်ငွေတစ်ကုဋေကိုဘဲ ပေးခဲ့ရတယ်လို့ အင်္ဂလိပ်မြန်မာစစ်သမိုင်းမှာ ပါရှိပါတယ်။

နောက်ပြီး သာယာဝတီမင်း လက်ထက်မှာ ပဒုမ္မာကြာဒင်္ဂါးနဲ့ ပုဂံမင်းလက်ထက်မှာ ရွှေပြည်စိုးဒင်္ဂါးများ ထုတ်လုပ်ခဲ့တယ်လို့ အထောက်အထား တွေ့ရသော်လည်း ထင်ရှားခဲ့ဟန်မတူပါ။ မင်းတုန်းမင်းတည်ထောင်တဲ့ ရတနာပုံခေတ်ရောက်လာတဲ့အခါ တိုးတက်နေတဲ့ အင်္ဂလိပ်ကို ရင်ပေါင်တန်းနိုင်ဖို့ အတွက်ရယ်၊ ကုန်သွယ်စီးပွားရေးကို တိုးချဲ့လိုတဲ့အတွက်ရယ် ညီတော်အိမ်ရှေ့စံ ကနောင်မင်းသားကို ဦးဆောင်စေပြီး နိုင်ငံတော်ကို စက်မှုခေတ်ပြောင်းဖို့ ကြိုးစားစေခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံခြားကို ပညာသင်ဖို့အတွက် လူငယ်တစ်ရာကျော်ကို ရွေးချယ်စေလွှတ်ပြီး ခေတ်မီပညာရပ်များ လေ့လာစေခဲ့ပါတယ်။ ဒါပေမဲ့ စကားပြောဘာသာရပ် အခက်အခဲများကြောင့် အကျိုးရှိသင့်သလောက် မရှိခဲ့ဘူးဆိုတာလည်း တဖြည်းဖြည်း သိလာခဲ့ရပါတယ်။ လူငယ်တွေ ပညာတော်သင်ပြန်လာပြီးတော့မှ မြနန်းစံကျော် ရွှေနန်းတော်ရဲ့ အရှေ့မြောက်ယွန်း၊ ပဟိုရ်စင်ရဲ့ မြောက်ဘက်မှာ ဒင်္ဂါးသွန်းစက်ရုံကြီးကို တည်ထောင်စေပြီး မြန်မာသက္ကရာဇ် ၁၂၂၇ ခု၊ တန်ဆောင်မုန်းလမှာ စတင်လည်ပတ် ထုတ်လုပ်စေခဲ့ပါတယ်။ အဲ့ဒီစက်ရုံကြီးမှာ အသုံးပြုမည့် ဒင်္ဂါးစက်ကိုတော့ အင်္ဂလိပ်ကုန်သည်ကြီး ဝီလျံဝါလစ်က ဝယ်ပေးခဲ့တယ်လို့ ယူဆရပါတယ်။ ဒါကြောင့်လည်း အရှေ့အိန္ဒိယကုမ္ပဏီက ထုတ်လုပ်ခဲ့တဲ့ ဒင်္ဂါးနဲ့ မြန်မာ့ဒင်္ဂါးတို့ရဲ့ ပန်းစုံပန်းနွယ်ပုံစံတွေဟာ တူနေတာဖြစ်ပါတယ်။ အဲ့ဒီစက်ရုံမှာ ငွေရည်ကျိုခန်း၊ ငွေပြားကြိတ်ခန်း၊ ပျော့ပျောင်းအောင် ဓာတ်ဆေးရည်စိမ်ခန်း၊ အဆင့်ဆင့်ပုံဖော်ပြီးကြိတ်ခန်း၊ ငွေပြားဖောက်ခန်း၊ ထောင့်ဖိခန်း၊ အရောင်ထွက်အောင် ဆေးစိမ်ခန်း၊ ပွတ်တိုက်ခန်း၊ ပန်းဖိခန်းနဲ့ ချိန်မှတ်ခန်းစသဖြင့် လုပ်ငန်းစဉ်အလိုက် အခန်းပေါင်း များစွာပါဝင်ခဲ့သည်ကို ယနေ့တိုင်သွားရောက်လို့ လေ့လာနိုင်ပါတယ်။ အဲ့ဒီစက်ရုံကနေပြီး ငွေတစ်ကျပ်သုံးဒင်္ဂါးကို တိုင်းကြီးပြည်ကြီး အင်္ဂါနဲ့အညီ ခရိုင်နိုင်ငံတော် အတွင်း၊ အပြင် အနှံ့အပြားသုံးစွဲရန်၊ ငွေငါးမူးစေ့၊ မတ်စေ့၊ တစ်မူးစေ့၊ ပဲစေ့နဲ့ သံပိုက်ဆံ၊ ကြေးနီပိုက်ဆံ၊ ခဲပိုက်ဆံများကိုလည်း နိုင်ငံတော်အတွင်းသုံးစွဲရန် ထုတ်လုပ်စေခဲ့ပါတယ်။ ငွေဒင်္ဂါးသာမက ရွှေတစ်ကျပ်သုံးဒင်္ဂါး၊ မတ်စေ့နဲ့ မူးစေ့လေးများကိုလည်း ထုတ်လုပ်စေခဲ့ပါတယ်။ အဲ့ဒီ ရွှေ၊ ငွေဒင်္ဂါးများမှာ ဥဒေါင်းရုပ်တံဆိပ်အပြင် မြန်မာရေးအက္ခရာနဲ့ တံဆိပ်တော်တစ်ဖက် စုံပန်းနွယ်ရင်းဖျားတပ်လျက်ငှင်းအတွင်း ဘဝရှင်မင်းတရားကြီး နန်းတက်တော်မူသည့် မြန်မာသက္ကရာဇ် ၁၂၁၄ ခုလို့ ပုံဖော်ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။

ဒင်္ဂါးပြုလုပ်ပုံအကျဉ်းမှာ ပြုလုပ်မည့်သတ္တုကို အရည်ကျိုရပါတယ်။ ရလာတဲ့ သတ္တုရည်ကို အပြားဖြစ်အောင် ဖန်တီးထားတဲ့ ပုံစံခွက်ထဲ လောင်းထည့်ရပါတယ်။ ရလာတဲ့ သတ္တုပြားကို မျက်နှာပြင်ညီညွှတ်အောင် ကြိတ်စက်ဖြင့် ကြိတ်ရပါတယ်။ ကြိတ်ပြီးတဲ့ သတ္တုပြားကို ပျော့ပျောင်းအောင် ဓာတ်ဆေးရည်မှာ စိမ်ရပါတယ်။ စိမ်ပြီးသတ္တုပြားကို တစ်ကျပ်၊ ငါးမူး၊ တစ်မူး၊ တစ်ပဲ စသဖြင့် ဖောက်စက်ဖြင့် ဖောက်ရပါတယ်။ ဖောက်ပြီးအကြမ်းထည်ကို ချောမွေ့နေစေရန် ထောင့်များကို ဖိပေးရပါတယ်။ ပြီးတော့ ပျော့ပျောင်းအောင် ဓာတ်ဆေးရည်ထဲမှာ ထပ်ပြီး စိမ်ပေးရပြန်ပါတယ်။ ပြီးတော့မှ ချောမွေ့အောင် စက်ဖြင့် ပွတ်တင်ရပါတယ်။ အားလုံးပြီးမှ ညှပ်ပုံ(ခေါ်)Mould နဲ့ တံဆိပ်တော်အရုပ်များဖြစ်တဲ့ ဥဒေါင်း၊ ခြသေ့်၊ တိုးနရား နဲ့ ပန်းခက်ပန်းနွယ်များကို စက်နဲ့ဖိရိုက်ပြီး နှိပ်ရပါတယ်။ နောက်ဆုံး စံချိန်ခန်းသို့ပို့ကာ အဆင့်အတန်းနဲ့ အရည်အသွေး ရှိ၊ မရှိစစ်ဆေးပြီး ချိန်ဝန်ချိန်စက်နဲ့ ချိန်တွယ်စစ်ဆေးပြီးရင် သုံးစွဲရန် အသင့် ဒင်္ဂါးကို ရရှိပါပြီ။ ထူးခြားတာက အဲ့ဒီ ဒင်္ဂါးသွန်းစက်ရုံမှာ နိုင်ငံခြားသား လုံးဝမပါဘဲ မြန်မာပညာရှင်များနဲ့ သီးသန့်ထုတ်လုပ်ခဲ့ကြခြင်း ဖြစ်ပါတယ်။

အဲ့ဒီလို မြန်မာပညာသည်တွေချည်း ထုတ်လုပ်ကြတဲ့အတွက် နယ်ချဲ့အင်္ဂလိပ် အပါအဝင် တိုင်းခြားသားတွေက မြန်မာ့ဒင်္ဂါးဟာ ရွှေ၊ ငွေပါဝင်မှု စံမမီဘူးဆိုပြီး မှတ်ချက်ချခဲ့ကြပါတယ်။ တကယ်စံမမီတာလား တမင်သက်သက် အကြောင်းရှာတာလားဆိုတာကတော့ သူတို့ပဲ ပိုသိကြမှာပါ။ မင်းတုန်းမင်းရှုထောင့်ကနေကြည့်မယ်ဆိုရင် တိုင်းပြည်တစ်ဝက် ကျွန်ဖြစ်နေချိန်မှာ နိုင်ငံရဲ့စီးပွားရေး တစ်ဆင့်မြင့်လာအောင်လို့ ကုန်သွယ်ရေးမှာ အရေးပါတဲ့ ငွေပေးချေမှုမှာ ငွေဒင်္ဂါးများကို အသုံးပြုခြင်းအားဖြင့် အချိန်ကုန်သက်သာသလို ပိုပြီးအဆင်ပြေစွာ ဆောင်ရွက်လာနိုင်စေဖို့ ကြိုးစားခဲ့ခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်ကလည်း ဝန်ကြီး၊ မှူးမတ် စတဲ့ အရာထမ်း၊ အမှုထမ်းများကို အစဉ်အဆက် မြို့ရွာများကို အပိုင်စားပေးသနားပြီး အခွန်အကောက်စားတဲ့ စနစ်ကနေ လစာပေးတဲ့စနစ်ကို ပြောင်းချင်တာလည်း အပါအဝင်ပေါ့။ ဒါကြောင့်လည်း အထက်ပါ တန်ဖိုးစုံ ဒင်္ဂါးပြားရေ ၃၆၄, ၁၈,၀၀၀ တန်ဖိုးအားဖြင့် ၂၈၇,၅၅,၆၂၅ ရိုက်နှိပ်ထုတ်ဝေသုံးစွဲခဲ့ကြောင်း တွေ့ရပါတယ်။ အဲ့ဒီ ဆောင်ရွက်ချက်တွေဟာ မင်းတုန်းမင်းနဲ့ သားတော် သီပေါမင်းလက်ထက်များတိုင် အဆင်ပြေခဲ့ပါတယ်။ ဒါပေမဲ့ အရာရာတိုင်း အဆင်ပြေနေတာ မဟုတ်ပါဘူး။ မင်းတုန်းမင်းလက်ထက် ဒင်္ဂါးစက်ရုံမှာ တာဝန်ကျတဲ့ ဝန်ထောက်တစ်ယောက်အကြီးအကျယ် အလွဲသုံးစားလုပ်ခဲ့လို့ မြန်မာ့ဒင်္ဂါးရဲ့သိက္ခာကို အများကြီး ထိခိုက်ခဲ့ရပါတယ်။ သူ့ကို အရေးယူလိုက်ပေမယ့် သူဖန်တီးခဲ့တဲ့ ရွှေဒင်္ဂါးတွေမှာ ရွှေပါဝင်မှုနှုန်းနည်းပါးတဲ့အတွက် လူကြိုက်နည်းခဲ့ရတဲ့အပြင် တန်ဖိုးလည်း ငွေ ၄ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့ရပါတယ်။ နောက်ပြီး ခေတ်မီနည်းပညာနည်းပါးတဲ့အချိန်ဆိုတော့ အဲ့ဒီခေတ်ကတည်းက 'တောင်ပံနီ' လို့ အမည်တွင်ခဲ့တဲ့ ငွေဒင်္ဂါးအတုလုပ်ခဲ့ကြတဲ့ အထောက်အထား မှတ်တမ်းကလည်း အမှတ်တရပါပဲ။

အခုလည်း ငလျင်ကြောင့် ထိခိုက်ခဲ့ရတဲ့ ဘုရားစေတီတော်တွေကို အပူရှာဒရုန်းစက်နဲ့ တိုင်းတာစစ်ဆေးပြီး ပါဝင်တဲ့ရေငွေ့တိုင်းတဲ့ လုပ်ငန်းအကူအညီပေးဖို့ ထိုင်းကပညာရှင်တစ်ဖွဲ့ မန္တလေးရှေးဟောင်းသုတေသနကို ရောက်လာကြပါတယ်။ သူတို့နဲ့အတူ သတ္တုပါဝင်မှုစစ်ဆေးပြီး သူတို့လုပ်ထားတဲ့ Data Base နဲ့ နှိုင်းယှဉ်ကာ ခေတ်အခါ ခွဲခြားသတ်မှတ်တဲ့ ပညာရှင်လည်း ပါလာခဲ့ပါတယ်။ အခွင့်အခါကြုံခိုက်ဘုရားတွေ စစ်ဆေးရင်းနဲ့ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးလေးတွေကိုလည်း စစ်ဆေးကြည့်မိပါတယ်။ အဲ့ဒီအခါ ငွေဒင်္ဂါးရဲ့ ငွေပါဝင်မှု အခြေအနေက ၉၂ ဒသမ ၈၈ ရာခိုင်နှုန်းပါပြီး ခဲက ၂ ဒသမ ၅၅ ရာခိုင်နှုန်းနဲ့ ကြေးက ၂ ဒသမ ၈၂ ရာခိုင်နှုန်း ပါဝင်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဘာပဲပြောပြော စံချိန်မီတယ်လို့ ဆိုနိုင်ပါတယ်။ ဒါတောင် ပါတော်မူပြီး နောက်ပိုင်းမှာ မြန်မာ့ရတနာပုံခေတ် ဒင်္ဂါးတွေကို သတ္တုမစင်ဘူးဆိုပြီး အဆင့်လိုက် တဖြည်းဖြည်း ဖျက်သိမ်းပစ်ခြင်းခံခဲ့ရတာလည်း အသည်းနာစရာပါ။

ဒါပေမဲ့ ရွှေဒင်္ဂါးကို စစ်လိုက်တဲ့အခါမှာတော့ အရုက်ဖြန်းဖြန်းကွဲတော့တာပါပဲ။ မျက်မြင်အနေနဲ့ကြည့်လိုက်တော့ ရွှေရည်က ဝင်းအိနေတာပဲ။ စက်နဲ့လည်း စစ်လိုက်ရော ရွှေပါဝင်မှုက ၃ ဒသမ ၂ ရာခိုင်နှုန်း၊ ကြေးက ၆၇ ဒသမ ၄ ရာခိုင်နှုန်းနဲ့ အခြားသတ္တုလေးတွေ ပါနေတာကို တွေ့လိုက်ရပါတယ်။ အဲ့ဒါက ဘာကိုပြနေတာလည်းဆိုတော့ ရတနာပုံခေတ်က စံမမီတဲ့ ရွှေဒင်္ဂါးဖြစ်နေပြီး သမိုင်းအချက်အလက်ကို မျက်မြင်ဒိဋ္ဌ တွေ့ကြုံလိုက်ရခြင်း ဖြစ်ပါကြောင်း။

**ကျမ်းကိုး။** ။ ရတနာပုံခေတ် စက်ရုံတော်များ-မကြန်

ရက္ခိတ(ရှေး/သု)

## လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မိုင်းဆတ် ဧပြီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အသိပညာ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ လူကုန်ကူးမှု အန္တရာယ် အသိပညာပေး နံရံကပ်စာစောင် ပြပွဲ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်အားပြသရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းဆတ်ခရိုင်ရုံးအနေဖြင့် အများပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်

**မန္တလေး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကြီးမှူး၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မူလတန်းပြဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ဆရာဖြစ်သင်တန်း တိုင်းဒေသကြီးအဆင့် ဖွင့်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာမြင့်မိုရ်ခန်းမဆောင်၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(ပညာ)ဒေါက်တာရွှေစင်အိက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်းများကြီးကြပ် အကဲဖြတ်ဌာန) ဦးစိုးမြင့်ချိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းကို သင်တန်းနည်းပြ ၁၃ ဦးမှ တိုင်းဒေသကြီးအတွင်း ရှိ မူလတန်းပြဆရာ၊ ဆရာမ သင်တန်းသားစုစုပေါင်း ၂၉၄ ဦးအား ဧပြီ ၂၇ ရက်မှ မေ ၉ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်သည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)ဒေါက်တာရွှေစင်အိ၊ ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်းများကြီးကြပ်အကဲဖြတ်ဌာန) ဦးစိုးမြင့်ချိုနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများ၊ သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)




## ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

**မူဆယ် ဧပြီ ၂၇**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့တွင်း ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ဧပြီ ၂၆ ရက် နံနက် ၈ နာရီက မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန၏ ရက်(၁၀၀) စီမံချက်တွင် ပါဝင်သော တော်ရွက်ရပ်ကွက်၊ CEO Bar ရှေ့ရှိ ရေမြောင်းအတွင်းမှ အမှိုက်များ၊ နုန်းများ ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ အဆိုပါ လုပ်ငန်းအား မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး (ဒုတိယညွှန်ကြားရေးမှူး)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းအင်အား ၅၀ ဦး၊ မြေသယ်ယာဉ် သုံးစီး၊ Back Hole တစ်စီးတို့ဖြင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄ဝ)






## ညီနောင်သုံးဖော်

* ဒုဋ္ဌရော ပေါင်းစုံမြစ်ဝ
ဧယျာတစ်ဖက်ကမ်း
ခံတပ်စခန်းမှာ
သပြေတန်း။

* ရောအနောက်ခြမ်း
ဧယျာကမ်းစပ်
မြေဝတီရပ် ထိုခံတပ်မှာ
နာမခေါ်ပြန် အစေခံ။

* အင်းဝအနောက်ယွန်း
ရောစွန်းဝယ်
သူ့ကျွန်မခံ တို့တွန်းလှန်မည်
ရန်ဟူသမျှ ခုခံချေမှုန်း
ဆင်ကျုံးခံတပ် မားမားမတ်။

* ဖိုခံ့လောက်ဆိုင် ရဲစွမ်းပြိုင်ကြ
နိုင်ငံလူမျိုး ပြည့်အကျိုးကို
ကိုးစားကြွားဝင့် မြင့်မြတ်ထင်ပေါ်
တိုက်ပွဲခေါ်ကာ
ညီနောင်သုံးရပ် ခံတပ်များကား
ယနေ့ထက်တိုင်
သမိုင်းရာဇဝင် ကမ္ပည်းတင်လျက်
ရှိနေခဲ့။ ။

ကျော်ကြီး(ကချင်မြေ)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။






## ဗီလာရီးရဲလ်အသင်းက ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဧပြီ ၂၇**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဗီလာရီးရဲလ်အသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီလာရီးရဲလ်အသင်းက ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီလာရီးရဲလ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂ မိနစ်တွင် မိုရီနို၊ ပွဲချိန် ၂၉ မိနစ်တွင် နီကိုလပ်စ်ပီပီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဗီလာရီးရဲလ်အသင်းသည် စပိန်လာလီဂါ ပွဲစဉ်(၃၃)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၅ မှတ်ဖြင့် အဆင့် (၃)နေရာတွင် ရပ်တည်ခဲ့သည်။ **(NGB)**

## ရာဖေးလ်ဂွါရဲရိုး ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည်

**မြူးနစ် ဧပြီ ၂၇**

ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား ရာဖေးလ်ဂွါရဲရိုးသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(ယာပုံ)**

နောက်ခံကစားသမား ရာဖေးလ်ဂွါရဲရိုးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ပွဲကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် နောက်ခံကစားသမား ရာဖေးလ်ဂွါရဲရိုး အနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**



## ဆာလာ ပေါင်ခြံဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိ

**လန်ဒန် ဧပြီ ၂၇**

လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာသည် ပေါင်ခြံဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၄၀ ပွဲကစားပြီး ၂၅၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အောက်ပုံ)**

**(NGB)**



## 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Fiona Ferro ဆွတ်ခူး

**လန်ဒန် ဧပြီ ၂၇**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ်တင်းနစ်မယ် Fiona Ferro က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Fiona Ferro သည် 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ၃၈ ဘက်ကစ္စတန်တင်း နစ်မယ် Polina Kudermetova ကို ၆-၃၊ ၀-၆၊ ၆-၁ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

အသက်(၂၉)နှစ်အရွယ်ရှိ Fiona Ferro က "ကျွန်မ အခုလို 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**



## ကော်နာဂယ်လာဂါကို ခေါ်ယူရန် ကိုမင်ထရီအသင်း စိတ်ဝင်စား

**လန်ဒန် ဧပြီ ၂၇**

ကိုမင်ထရီအသင်းသည် စပါးအသင်း ကွင်းလယ်ကစားသမား ကော်နာဂယ်လာဂါကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပါးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲကစားပြီး ခြေစွမ်းပြထားခြင်းကြောင့် ကိုမင်ထရီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကော်နာဂယ်လာဂါကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် စပါးအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ကိုမင်ထရီအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ကော်နာဂယ်လာဂါကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ပူလီဆစ် ကစားသမားဘဝ (၁၆)ပွဲဆက် ဂိုးပေါက်ပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်

**မီလန် ဧပြီ ၂၇**

အေစီမီလန်အသင်း တိုက်စစ်မှူး ပူလီဆစ်သည် ကစားသမားဘဝ(၁၆)ပွဲဆက် ဂိုးပေါက်ပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ဂိုးပေါက်ပျောက်ဆုံးသည့် ပွဲ ၁၆ ပွဲအထိရှိလာကာ ယခုလို မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**



တိုက်စစ်မှူး ပူလီဆစ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၁ ပွဲကစားကာ ၄၂ ဂိုးအထိ သွင်းယူထားသည်။

ထို့ကြောင့် တိုက်စစ်မှူး ပူလီဆစ်အနေဖြင့် အေစီမီလန်အသင်းနှင့်အတူ လာမည့်ပွဲစဉ်များတွင် သွင်းဂိုးများသွင်းယူပြီး ယခုမှတ်တမ်းဆိုးကို ချေဖျက်သွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## အောက်ဖို့ဒ်ယူနိုက်တက်အသင်း အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရ

**လန်ဒန် ဧပြီ ၂၇**

အောက်ဖို့ဒ်ယူနိုက်တက်အသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲမှ League One ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီ ဖြစ်သည်။

အောက်ဖို့ဒ်ယူနိုက်တက်အသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲစဉ် (၄၅)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၄၇ မှတ်ဖြင့် အဆင့် (၂၁)နေရာမှ ဝက်စ်ဘရွန်းအသင်းနှင့် ၄ မှတ်ကွာဟခဲ့ခြင်းကြောင့် ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲ အလိုမှာပင် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**



အောက်ဖို့ဒ်ယူနိုက်တက်အသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် နှစ်နှစ်ကြာကစားပြီးနောက် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် လက်စတာစီးတီးအသင်း၊ ရှက်ဖီးလ် (Wed)၊ အောက်ဖို့ဒ်ယူနိုက်တက်အသင်းတို့ League One ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီဖြစ်သည်။

**(NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းသည် အတ္တလန်တာအသင်း ကွင်းလယ်ခံစစ်ကစားသမား အီဒါဆန်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်း နောက်ခံကစားသမား ဂွါန်းစတုန်းအား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

**(NGB)**

### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်(ပ-အကျော့ပွဲစဉ်) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၉-၄-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက်၀၁း၃၀နာရီ | ပီအက်စ်ဂျီ - ဘိုင်ယန်မြူးနစ် (ပြင်သစ်-၁) (ဂျာမနီ-၁) | ပီအက်စ်ဂျီ ၂-၀ ဘိုင်ယန်မြူးနစ် ဘိုင်ယန်မြူးနစ် ၁-၀ ပီအက်စ်ဂျီ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၉-၄-၂၀၂၆ နံနက်၀၁း၁၅နာရီ | (၅)ဆောက်သမ်တန် - အစ်ဆွစ်ချ်(၂) (W,W,W,D,L) (W,L,D,W,D) | ဆောက်သမ်တန် ၀-၁ အစ်ဆွစ်ချ် အစ်ဆွစ်ချ် ၃-၂ ဆောက်သမ်တန် |

# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၇)

စာရေးသူ မှတ်စုပြုရေးသားနေသည့် ဤအခန်းဆက် ဆောင်းပါးများသည် ဓမ္မဗိမာန်နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်အား မိမိလည်း ဖတ်ရှု ကြည်ညိုရင်း စာဖတ်သူများပါ တစ်ပြိုင်တည်း သဒ္ဓါထက်သန် ဖတ်ရှုနိုင်ကြစေရန် အချို့အချို့ အချက်တို့ကိုသာ ချန်လှပ်ပြီး မူရင်းအတိုင်း ပြန်လည်ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။ အနှိုင်းမဲ့လေးနက် ကြည်ညိုဖွယ်သော ဘုရားရှင်တို့၏ အကြောင်းအရာဖြစ်၍ မိမိအာဘော်ထည့်စရာမလိုပါ။ ကြည်ညိုဖွယ် ဖတ်ရှုအဆင်ပြေစေရန် နိဒါန်းစကားနှင့် စကားဆက် အနည်းငယ်သာ ဖြည့်စွက်ထားပါသည်။

ဤမှတ်စု(၇)တွင် ဓမ္မဗိမာန်ကျမ်းစာဖြစ်ပေါ်လာခဲ့ပုံကို အနည်းငယ် ဖော်ပြလိုပါသည်။ ကျမ်းစာကို အမှာစာရေးသားသူ အရှင်သာသန၏ ပစ္စည်းလေးပါး ဒါယိကာမကြီး ဒေါက်တာခင်ခင်ရီသည် မိခင်ကြီး ဒေါ်စန်းရီ၏ ပရိယတ္တိသာသနာတော်ကို အထူးအားပေးထောက်ပံ့လှူဒါန်းရန် တဖွဖွမှာကြားချက်ကို ဦးထိပ်ပန်ဆင်၍ ဓမ္မဗိမာန်တည်ထောင်ရန် နဝကမ္မဝတ္ထုငွေကျပ် သိန်းတစ်ရာ မ,တည် လှူဒါန်းခဲ့ကြောင်း သိရသည်။ ထိုဝတ္ထုငွေဖြင့် ဓမ္မဗိမာန်ကို ၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ (၃-၁၀-၂၀၀၁)ရက်၌ တည်ထောင်ခဲ့သည်။ ဓမ္မဗိမာန်မိသားစု၏ အဓိက ဦးတည်ချက်မှာ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးပင်ဖြစ်သည်။ ဤ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်မှာ ပိဋကတ်ဝတ္ထုများထဲမှ အစိတ်အပိုင်း ဖြစ်သည်။ ထိုပိဋကတ်ဝတ္ထုအားလုံးကို ဆရာ ၃၆ ဦးတို့ကခွဲဝေ၍ မြန်မာပြန်ဆိုရေးသားကြရာ ဆရာဦးငွေသန်း [B.A;R.A;(PA)]ကို ဤနှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်အား ရေးသားစေခဲ့ခြင်းဖြစ်၍ ဤကျမ်းစာအုပ်ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ဤကျမ်းစာကို သာသနာရေးဦးစီးဌာနက ၂၀၀၃ ခုနှစ်၊ မေလတွင် ထုတ်ဝေပြီး ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ သိဒ္ဓိမြိုင် ပုံနှိပ်တိုက်က ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၂၅ ခုနှစ်တွင် ဤကျမ်းစာအုပ် သက်တမ်းသည် ၂၂ နှစ်ရှိပြီဖြစ်၍ လူတိုင်းလက်ဝယ်၌လည်း မရှိနိုင်ပါ။သို့ဖြစ်၍ စာရေးသူက သတင်းစာ စာမျက်နှာမှတစ်ဆင့် ဗုဒ္ဓဘာသာဝင်တို့ လက်ဆင့်ကမ်းကြည်ညိုဖတ်ရှုနိုင်ရန် အခန်းများခွဲ၍ ပြန်လည်အကျဉ်းချုပ်မှတ်စုသဘောရေးသားခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးအခန်းဆက်မှတ်စု(၆)တွင် ကောဏ္ဍညဘုရားရှင်၏ဗုဒ္ဓဝင်ကို ဖော်ပြခဲ့ပြီးဖြစ်ရာ အစဉ်အားဖြင့် မင်္ဂလဘုရားရှင်၏ဗုဒ္ဓဝင်ကို ဖော်ပြသွားပါမည်။

ကောဏ္ဍညဘုရားရှင် ပွင့်တော်မူခဲ့ပြီးနောက် ဤဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်သော် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ ဘုရားလေးဆူပွင့်တော်မူသော သာရမဏ္ဍကမ္ဘာ၌ မင်္ဂလာဘုရားရှင်သည် ရှေးဦးစွာပွင့်တော်မူခဲ့သည်။

### မင်္ဂလဘုရားလောင်းဖွားမြင်တော်မူခြင်းနှင့် မယ်တော်မှ ကိုယ်ရောင်ထွက်ခြင်း

မင်္ဂလဘုရားအလောင်းတော်သည် တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်တော်မူခဲ့ပြီး တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် နတ်များ၏တောင်းပန်မှုကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်တော်မူခဲ့သည်။

အလောင်းတော်သည် ဥတ္တရနေပြည်တော် ဥတ္တရမင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ ဥတ္တရာမိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်တော်မူခဲ့သည်။

ဆယ်လပြည့်မြောက် ဖွားမြင်တော်မူစဉ် နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်တို့၌ ဖြစ်ပေါ်ရသည့် ဓမ္မတာအတိုင်း အထူးအံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

မင်္ဂလဘုရားအလောင်းတော် ကိုယ်ဝန်ရှိချိန်ကစပြီး မိဖုရားကြီး၏ ကိုယ်ရောင်သည် လရောင်၊ နေရောင်များပင် မလွှမ်းမိုးနိုင်လောက်အောင် ပတ်ဝန်းကျင်အတောင်ရှစ်ဆယ်အတွင်း ပျံ့နှံ့၏။ မိဖုရားကြီးသည် အခြားသောမီးရောင် စသည်ကိုအသုံးမပြုရဘဲ မိမိကိုယ်မှထွက်သော အရောင်ဖြင့်ပင် အမိုက်မှောင်ကို ပယ်ဖျောက်၍ ရံရွေတော်တို့၏ အပြုအစုကိုခံကာ နေထိုင်ခဲ့၏။

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် မင်္ဂလမင်းသား အရွယ်ရောက်သောအခါ အရောင်အဆင်း တင့်တယ်သော ယသဝတီမိဖုရားနှင့် ရွှေလက်ထပ်နန်းရပ်ထီးဖြူစိုးစံတော်မူခဲ့သည်။ အလွန်နှစ်သက်ဖွယ်ကောင်းသော သုစိမန္တ ရွှေနန်းဆောင်၊ အလွန်အသရေရှိသော သိရိမန္တရွှေနန်းဆောင်၊ အလွန်ကျော်စောလှသော ယသဝန္တ ရွှေနန်းဆောင်တို့၌ နတ်စည်းစိမ်နှင့်တူသော မင်းစည်းစိမ်ချမ်းသာကို ခံစားကာ ထီးနန်းစိုးအုပ် မင်းလုပ်တော်မူခဲ့သည်။ အလောင်းတော်မင်းသား၏ သားတော်မှာ သီလဝမင်းသားဖြစ်၏။

### တောထွက်တော်မူခြင်း

အလောင်းတော်သည် ယသဝတီမိဖုရားကြီးမှ သားတော်သီလဝမင်းသားကို ဖွားမြင်စဉ် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး ကောင်းစွာဆင်အပ်သော ပဏ္ဍုရမည်သော အာဇာနည်မြင်းတော်ကိုစီးလျက် တောထွက်ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော်ရဟန်းပြုသည်ကို အတုလိုက်၍ သုံးကုဋေသော လူတို့လိုက်ပါ ရဟန်းပြုခဲ့ကြသည်။

အလောင်းတော်သည် ထိုရဟန်းတို့နှင့်အတူ ရှစ်လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူခဲ့၏။ ကဆုန်လပြည့် ဘုရားဖြစ်အံ့သောနေ့၌ ဥတ္တရရွာသူ ဥတ္တရာသူဌေးသမီး လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး ထိုအရပ် အင်ကြင်းတောမှာပင် နေခိုတော်မူခဲ့သည်။

### ဘုရားဖြစ်တော်မူခြင်း

အလောင်းတော်သည် အင်ကြင်းတော၌ နေခိုစဉ် ညချမ်းချိန်တစ်ပါးတည်း ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူ၍ လမ်းခရီး၌ ဥတ္တရတက္ကတွန်း လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ခံယူတော်မူခဲ့သည်။

မဟာဗောဓိ ကံ့ကော်ပင်သို့ရောက်သော် ထိုအပင်ရင်း၌ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းလိုက်သည်နှင့် ငါးဆယ့်ရှစ်တောင် ပမာဏရှိသော အပရာဇိတပလ္လင်ပေါ်တော်မူခဲ့သည်။ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်ကာ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည် ဝိပဿနာတရားအားထုတ်တော်မူခဲ့သည်။

ထိုနေ့ နေမဝင်မီ မာရ်နတ်စစ်သည်ဗိုလ်ပါတို့ကို အောင်မြင်တော်မူပြီး ညဥ့်သုံးယံ၌ ဉာဏ်သုံးဆင့်ကို အဆင့်ဆင့်ရတော်မူပြီး နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်ကို ရတော်မူကာ လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်ကို ရောက်တော်မူခဲ့သည်။

### မင်္ဂလဘုရား၏ ကိုယ်တော်ရောင်

ကမ္ဘာအဆက်ဆက်ပွင့်တော်မူခဲ့သော ဘုရားရှင်တို့သည် ဝီရိယကို အဓိပတိတပ်ကာ ပါရမီအမျိုးမျိုးကို ပြင်းပြသည့်ဆန္ဒတော်ဖြင့် ဖြည့်ခဲ့သည်ချည်းဖြစ်သည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ချင်း တူကြစေကာမူ ကျင့်ကြံခဲ့သည့် ပါရမီသက်တမ်း မတူကြသည်ကို တွေ့ရသည်။ ကံအကြောင်းခြင်းလည်း၊ သံသရာတစ်လျှောက် ကျင်လည်ပုံခြင်းလည်း ကွာခြားကြ၍ ပွင့်ရာဗောဓိပင်ခြင်းလည်း မတူသလို ဒုက္ကရစရိယာ ကျင့်စဉ်ကာလလည်း မတူသည်ကို တွေ့ရှိရသည်။ ထို့ကြောင့်လည်း ဘုရားပွင့်စဉ် နေထိုင်ရသက်တမ်းလည်း မတူညီသလို ဘုန်းတန်ခိုးကြီးမားဆန်းကျယ်ပုံခြင်းလည်း မတူကြပေ။

**မင်္ဂလဘုရားရှင်၏ ထူးခြားပါရမီတော်တစ်ခုမှာ ဘုရားရှင်၏ ကိုယ်တော်ရောင်သည် တန်ခိုးတော်ဖြင့် ဖန်ဆင်းခြင်းမရှိဘဲ နေ့ရော ညဥ့်ပါ အခါခပ်သိမ်း စကြဝဠာတိုက်တစ်သောင်းကို ပျံ့နှံ့၍ ထွန်းတောက်ပတော်မူသည်။ ပတ်ဝန်းကျင်ရှိ သစ်ပင်တောတောင်၊ သမုဒ္ဒရာ၊ မြေပြင်၊ အဆောက်အအုံ မှန်သမျှတို့မှာ ရွှေပြားဖြင့် ပတ်လွှမ်းထားသကဲ့သို့ ဝင်းဝင်းပြောင်ပြောင် ထွန်းလင်းတောက်ပ၍ နေခဲ့သည်မှာ ဘုရားရှင်၏သက်တမ်း အနှစ်ကိုးသောင်းလုံးပင် ဖြစ်တော့သည်။**

လ၊ နေ၊ နက္ခတ်တာရာ စသည်တို့၌ အရောင်အလင်းဟူ၍ မရှိခဲ့။ နေရောင်မရှိသဖြင့် ညဥ့်နှင့်နေ့ဟူသော အပိုင်းအခြားပင် မထင်တော့။ မင်္ဂလဘုရားရှင်၏ ရောင်ခြည်တော်ဖြင့် ညမှောင်ကင်းပျောက်နေ့အသွင်သာ အမြဲရောက်ခဲ့သည်။

မင်္ဂလဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ်ကာလက ခရဒါဋ္ဌိက ဘီလူးသည် ပုဏ္ဏားအသွင်ဖန်ဆင်း၍ အလောင်းတော်ထံ ချဉ်းကပ်ကာ သားတော်နှင့် သမီးတော်ကို တောင်းရမ်းအလှူခံခဲ့၏။ အလောင်းတော်သည် ရွှင်လန်းဝမ်းမြောက်စွာ မဟာပထဝီမြေကြီးကို တုန်လှုပ်စေသည့်တိုင် သားတော်နှင့် သမီးတော်ကို ပေးလှူခဲ့သည်။ ဘီလူးသည် အလောင်းတော်မြတ် ရှုစားနေတော်မူစဉ်ပင် သားတော်နှင့် သမီးတော်ကို ဝါးစားခဲ့သည်။

မီးတောက်မီးလျှံကဲ့သို့ ရဲရဲတောက်သွေးအလျှံများ အန်ထွက်၍လာသော ဘီလူး၏ပါးစပ်ကို မြင်ရသော်လည်း ဆံချည်ဖျားလောက်မျှ စိတ်နှလုံးတော် မသာမယာ မဖြစ်ဘဲ "သားတော်၊ သမီးတော်တို့၏ကိုယ်မှထွက်သော သွေးအလျှံများ တောက်ပသည့်နည်းတူ ငါ ဘုရားဖြစ်သောအခါ ငါဘုရား၏ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် ထွက်စေကုန်သတည်း" ဟု ဆုတောင်းမှုကို ပြုတော်မူခဲ့သည်။ ဆုတောင်းသည့်အတိုင်းပင် ဘုရားဖြစ်တော်မူသည့်အခါ ဆုတောင်းပြည့်ခဲ့လေသည်။

မင်္ဂလမြတ်စွာဘုရားသည် အလောင်းတော်ဘဝက အခြားကောင်းမှုတစ်မျိုး ရှိတော်မူခဲ့သေးသည်။ တစ်ဆူသော မြတ်စွာဘုရား၏ စေတီတော်ကို ဖူးမြော်စဉ် ရွှင်လန်းဝမ်းမြောက်စွာဖြင့် "**ငါသည် ဘုရားရှင်အတွက် အသက်စွန့်ခြင်းငှာ သင့်၏**" ဟု ကြံစည်ပြီးလျှင် အလောင်းတော်၏ တစ်ကိုယ်လုံးကို ထောပတ်ဆီဆွတ်သော အဝတ်ဖြင့် ရစ်ပတ်၍ အဖိုးတစ်သိန်းတန် ရွှေခွက်ကို ထောပတ်ဆီဖြည့်ပြီးလျှင် ရွှေခွက်တွင် မီးစာထည့် မီးညှိ၍ ခေါင်းပေါ်၌ရွက်ကာ အလောင်းတော်၏ကိုယ်ကိုပါ မီးညှိပြီး စေတီတော်မြတ်ကို လက်ယာရစ်လှည့်၍ တစ်ညဥ့်ပတ်လုံး မီးပူဇော်ခဲ့၏။

အရုဏ်တက်သည့်တိုင် အလောင်းတော်၏ မွေးညင်းတွင်းကိုမျှ အပူငွေ့မဟပ်ခဲ့။ ထိုကောင်းမှု၏အကျိုးဆက်ကလည်း မင်္ဂလဘုရားရှင်၏ ကိုယ်ရောင်တော်ကို စကြဝဠာတိုက်တစ်သောင်းကို ပျံ့နှံ့၍ တည်စေခဲ့သည်။

### ဓမ္မစကြာတရားဟောတော်မူခြင်း

မင်္ဂလဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ လေးဆယ့်ကိုးရက် စံနေတော်မူအပြီး အဋ္ဌမသတ္တာဟအရောက်တွင် ဗြဟ္မာမင်း၏တောင်းပန်ခြင်းကို လက်ခံတော်မူကာ တောထွက်စဉ် အတူလိုက်၍ ရဟန်းပြုခဲ့ကြသော ရဟန်းသုံးကုဋေတို့၏ မဂ်ဖိုလ်၏အား ကြီးသောအကြောင်းနှင့် ပြည့်စုံမှုကို မြင်တော်မူကာ ဓမ္မစကြပဝတ္တနသုတ်ဒေသနာကို ဟောကြားတော်မူခဲ့သည်။ ထိုအခါ ရဟန်းတော် သုံးကုဋေတို့ အရဟတ္တဖိုလ်ဆိုက်၍ နတ်လူဗြဟ္မာ သတ္တဝါကုဋေတစ်သိန်းတို့ သစ္စာသိမြင် ကျွတ်တမ်းဝင်ခဲ့ကြသည်။ ထိုဓမ္မစကြာတရားဟောရာနေရာကား မဟာဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာအကွာ သိရိဝနတောအုပ် ဖြစ်သည်။

### ဂေါတမဘုရားလောင်း ဗျာဒိတ်ခံခြင်း

မင်္ဂလဘုရားရှင် လက်ထက်တော်၌ ဂေါတမဘုရားအလောင်းသည် သုရုစိပုဏ္ဏားရွာ၌ သုရုစိမည်သော ပုဏ္ဏားဖြစ်ခဲ့၍ ဗေဒင်ကျမ်းတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်ခဲ့၏။ အလောင်းတော်သည် ဘုရားရှင်၏ တရားကို ကြားနာရပြီး သရဏဂုံတည်ခဲ့၏။ ဘုရားရှင်နှင့်တကွ ကုဋေတစ်သိန်းသော ရဟန်းတော်တို့ကို ဆွမ်းဖိတ်ပြီး ဆွမ်းကပ်တော်မူလိုရာ "နေရာထိုင်ခင်းအား အဘယ်သို့ ဆောင်ရွက်ရပါအံ့နည်း" ဟု စဉ်းစားဆင်ခြင်လေသော် သိကြားမင်း၏ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် ပူနွေးစေခဲ့၏။ ထိုအခါ သိကြားမင်းသည် ကုသိုလ်အဖို့အစုကို ရယူရန် လက်သမားအသွင် ဖန်ဆင်း၍ လက်နက်ကိရိယာ ဆွဲကိုင်ပြီး အလောင်းတော် ပုဏ္ဏား၏ရှေ့၌ ထင်ရှားစွာ ပေါ်ခဲ့၏။

အလောင်းတော်က သိကြားမင်းအား "ငါသည် နက်ဖြန် ဘုရားရှင်နှင့်တကွ ကုဋေတစ်သိန်းသော ရဟန်းတို့ကို ဆွမ်းဖိတ်ထား၍ နေရာထိုင်ခင်းကို အမောင်ဆောက်နိုင်ပါမည်လော" မေးလျှင် သိကြားမင်းလက်သမားက "တန်ရာတန်ရာ အဖိုးအခကိုရပါက ဆောက်လုပ်နိုင်ပါကြောင်း" ပြန်ကြားခဲ့သည်။ သိကြားမင်း၏ အာနုဘော်ဖြင့် ဆန်းကျယ်ကောင်းမွန်သော မဏ္ဍပ်ကို မြေမှပေါက်စေခဲ့ပြီး မဏ္ဍပ်ကိုလွှဲအပ်လေသော် အလောင်းတော်သည် မဏ္ဍပ်ကို ကြည့်နေဆဲမှာပင် အလောင်းတော်၏ တစ်ကိုယ်လုံး၌ ငါးပါးသော ပီတိတွေ့ထိကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သည်။

အလောင်းတော်သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး အထူးစီမံချက်ပြုတ်အပ်သော နွားနို့ ဆွမ်း၊ သောက်ဖွယ်အလှူတို့ကို ပေးလှူပြီး သပိတ်တော်အားလုံးကို ဆေးအလို့ငှာ ထောပတ်၊ ဆီဦး၊ ပျားသကာတို့ဖြင့် ပြည့်စေလျက် သင်္ကန်းသုံးထည်စီပါ လှူဒါန်းတော်မူခဲ့သည်။

ထိုအခါ မင်္ဂလဘုရားရှင်သည် "ဤသုရုစိပုဏ္ဏားသည် ဤသို့သဘောရှိသော အလှူကြီးကို ပေးလှူ၏။ ဤမျှသော ကပ်ကမ္ဘာကို လွန်သည်ရှိသော် ဘဒ္ဒကမ္ဘာ၌ ဂေါတမအမည်ရှိတော်မူသော ဘုရားစင်စစ်ဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။

### မင်္ဂလာဘုရားရှင်၏ တပည့်သာဝကများ

| | |
|---|---|
| မြတ်သောတပည့်အစုံ (အဂ္ဂသာဝက) | - အရှင်သုဒေဝမထေရ်နှင့် အရှင်ဓမ္မသေနမထေရ် |
| အလုပ်အကျွေးရဟန်း | - အရှင်ပါလိတမထေရ် |
| မြတ်သောတပည့်မအစုံ (အဂ္ဂသာဝိကာ) | - သီဝလာထေရီနှင့် အသောကာထေရီ |
| ဗောဓိပင် | - ကံ့ကော်ပင် |
| အလုပ်အကျွေးဒါယကာ (အဂ္ဂဥပဋ္ဌာက) | - နန္ဒသူဌေးနှင့် ဝိသာခါသူဌေး |
| အလုပ်အကျွေးဒါယိကာမ (အဂ္ဂဥပဋ္ဌိကာ) | - အနုလာဒါယိကာမနှင့် သုတနာဒါယိကာမ |
| အရပ်တော် | - ရှစ်ဆယ့်ရှစ်တောင် |

မင်္ဂလဘုရားရှင်၏ ကိုယ်တော်မှ ထွက်သောရောင်ခြည်တော်တို့ တစ်သောင်းသော လောကဓာတ်တိုင် ပျံ့နှံ့ကွန့်မြူးကုန်၏။

### (ဓမ္မာဘိသမယ)တရားပွဲကြီးများနှင့် သာဝက(သန္နိပါတ) အစည်းအဝေးများ

တရားပွဲကြီးများ သုံးကြိမ်နှင့်အစည်းအဝေးသုံးကြိမ်ဖြစ်ခဲ့သည်။

### ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းနှင့် စေတီတော်တည်ထားကိုးကွယ်ခြင်း

မင်္ဂလဘုရား၏ တပည့်သာဝကတို့ကို ရေတွက်ခြင်းငှာ မစွမ်းနိုင်ကုန်အောင် သာသနာတော်သည် ပွင့်လင်းစည်ပင်ခဲ့၏။ ဘုရားရှင်သည် တရားတည်းဟူသော ဆီမီးတိုင်ကို ထွန်းညှိတော်မူခဲ့ပြီး၍ ဝင်သွားသော နေမင်းကြီးကဲ့သို့ ငြိမ်းအေးခြင်းသို့ ရောက်တော်မူကာ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။

မာန်ငါးပါးကို အောင်တော်မူသော မင်္ဂလဘုရားရှင်သည် ဝဿရမည်သော ဥယျာဉ်၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီးနောက် ယူဇနာသုံးဆယ်အမြင့်ရှိသော စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော လူတို့သည် ရတနာခုနစ်ပါးဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေခဲ့ကြသည်။

ကျမ်းကိုး ။ ။ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်(ဓမ္မဗိမာန်ကျမ်းစာအမှတ် - ၄)

(ဆက်လက်ဖော်ပြပါမည်။)

ရေချမ်း(မန်း)


# တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၇

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်းလုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ်လိုမာဟိုတယ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသမီးခြောက်ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် All In One Computer သုံးလုံး၊ Laptop ၁၃ လုံး၊ ဖုန်းမျိုးစုံ အလုံး ၃၂၀၊ Tablet မျိုးစုံ ၁၀၈ လုံး၊ Printer တစ်လုံး၊ Wifi စက်ခြောက်လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါ ရပ်ကွက်အတွင်း နေအိမ်တစ်လုံး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ တရုတ်နိုင်ငံသား ထိုင်ဝမ်လူမျိုး အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ကို အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One Computer ၂၃ လုံး၊ မော်နီတာ တစ်လုံး၊ System ပုံး တစ်လုံး၊ ဖုန်းမျိုးစုံ ၅၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ သောကြောင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု ကျူးလွန်သူ စုစုပေါင်း ၅၂ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။




တာချီလိတ်မြို့အတွင်း အွန်လိုင်းလောင်းကစားလုပ်ငန်းနှင့် အွန်လိုင်းငွေလိမ်လုပ်ငန်း လုပ်ကိုင်သူများကို ဖမ်းဆီးရမိသည့် နေရာများပြပုံ။

အဆိုပါ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသော တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိက ပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ် လိုမာဟိုတယ်အနီးရှိ နေအိမ်၌ဖမ်းဆီးရမိခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား သုံးဦးကို တွေ့ရစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦးကို တွေ့ရစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦးကို ဖမ်းဆီးရမိစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူများအား အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ် လိုမာဟိုတယ်အနီးရှိ တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thu Thu Xtet San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက်နေ သူသူထက်စံ(ခ) သုန်သုန်အား ညနေ ၄ နာရီခွဲတွင် မြဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်(၅)၊ အခန်း (၂၀)၊ စတုတ္ထထပ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နန္ဒာဝင်းလဲ့(ဘ)ဦးစိန်ရွှေ(၅/ကပထ(နိုင်)၁၈၁၁၆၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၀ဗ–၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၂၃၄၅၉၉၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁)၊ ဦးပိုင်နံပါတ်(၄၆-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းမြင့်မြင့်လွင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင့်တင့်ထွန်း(ဘ)ဦးထွန်းအေး(၉/အမဇ(နိုင်)၀၁၉၇၃၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၈၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(မ-၇၅/၁)၊ ဦးပိုင်အမှတ်(၄)မြေကွက်ပေါ်တွင် ဒေါ်မေဇင်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၂၄၅၇၂)က RC (၄) အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်(၆၉၄)၊ ဦးပိုင်အမှတ်(၂-က)မြေကွက်ပေါ်တွင် ဦးစိုးအောင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၅၃၇၁၁)က မြေ+RC (၃) အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(၈)၊ ဦးပိုင်အမှတ်(၇၀-ခ)မြေကွက်ပေါ်တွင် ဦးဟိန်းလင်းဇော်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၉၃၆၂၁)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(မ-၃၁)၊ ဦးပိုင်အမှတ်(၁၂-က)မြေကွက်ပေါ်တွင် ဦးဆွေယိုအာလာမ်(ခ)မောင်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၇၂၃၃၇)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်(၆၄၂)၊ဦးပိုင်အမှတ်(၉၅-က)မြေကွက်ပေါ်တွင် ဒေါ်ခင်လှလှ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၆၉၀၉၉)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၂၆)၊ ဦးပိုင်အမှတ်(၃-ဃ)မြေကွက်ပေါ်တွင် ဦးကျော်စိုးဦး(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/တတဥ(နိုင်)၀၇၇၂၉၉)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၂)၊ ဦးပိုင်နံပါတ်(၃၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးသန်းဌေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးလွင်(ဘ)ဦးထွန်းမြအေး(၁၀/ပမန(နိုင်)၁၃၉၃၄၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၈၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်နံပါတ်(၄၃-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းရီ(ဘ)ဦးဘလှိုင်(MDYSW-၀၂၉၅၃၄၊ ၉/မနတ(နိုင်)၀၂၅၂၇၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၈၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၆)၊ ဦးပိုင်နံပါတ်(၅၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးလှတင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်စန္ဒာလင်း(ဘ)ဦးကိုကိုကြီး(၉/ခမစ(နိုင်)၀၀၃၂၉၈)နှင့် ဦးထက်မြတ်အောင်(ဘ)ဦးကိုကိုကြီး(၉/ခမစ(နိုင်)၀၅၆၄၄၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၈၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်(၃၄၈)၊ ဦးပိုင်အမှတ်(၁၃-ဃ+၁၃-င)မြေကွက်ပေါ်တွင် ဒေါ်ပို့ပို့သိန်း(ခ)ပိုပိုသိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(နိုင်)၀၄၁၆၂၅)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်(န-၃)၊ ဦးပိုင်အမှတ်(၇၂) မြေကွက်ပေါ်တွင် ဒေါ်ချယ်ရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မရမ(နိုင်)၀၈၁၉၆၂)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်(၆၉၂)၊ ဦးပိုင်အမှတ်(၁၁-ဈ) မြေကွက်ပေါ်တွင် ဒေါ်တင်တင်မိုး(ပါ-၆) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၀၃၅၃၈)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂၇

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် မေ ၂၇

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံသားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများ ကျင်းပကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

စာမျက်နှာ ၁၀ သို့ ❒



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။




## အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး ကြေးတံဆိပ်သုံးခုရ မြန်မာတက်ဂ်ဘောအသင်း ဆုလက်ခံရယူ

ရန်ကုန် မေ ၂၇

တရုတ်နိုင်ငံ ဆန်ညာမြို့တွင် ကျင်းပသည့် (၆)ကြိမ်မြောက် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲပြီးဆုံးခဲ့ပြီး ကြေးတံဆိပ်သုံးခုရ မြန်မာတက်ဂ်ဘောအသင်း ဆုလက်ခံရယူသည်။

မေ ၂၇ ရက်တွင် တက်ဂ်ဘောပြိုင်ပွဲအမျိုးအစားသုံးမျိုး၏ ဗိုလ်လုပွဲ ပွဲစဉ်များကျင်းပခဲ့ပြီး အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက မြောက်ကိုရီးယားအသင်းကို နှစ်ပွဲပြတ်၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက အီရတ်အသင်းကို နှစ်ပွဲတစ်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက မြောက်ကိုရီးယားအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိပြီး ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည်။ မြန်မာအသင်းသည် ပြိုင်ပွဲအမျိုးအစားသုံးမျိုးစလုံးတွင် ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၌ ထိုင်းအသင်းက ရွှေတံဆိပ်၊ အီရတ်အသင်းက ငွေတံဆိပ်၊ မြန်မာအသင်းနှင့် လက်ဘနွန်အသင်းက ပူးတွဲကြေးတံဆိပ်၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြောက်ကိုရီးယားအသင်းက ငွေတံဆိပ်၊ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းက ပူးတွဲကြေးတံဆိပ်၊ အမျိုးသမီး+အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြောက်ကိုရီးယားအသင်းက ငွေတံဆိပ်၊ မြန်မာအသင်းနှင့် အိမ်ရှင်တရုတ်အသင်းတို့က ပူးတွဲကြေးတံဆိပ်ရရှိသည်။

စာမျက်နှာ ၁၀ သို့ ✪

## အိမ်ကွင်းလက်ခံကျင်းပမည့် ရတနာပုံအသင်း၏ ပြင်ဆင်ဆောင်ရွက်နေမှုများကို လိဂ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၇**

၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် မန္တလေးမြို့၌ အိမ်ကွင်းပြန်လည် ကျင်းပရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ရတနာပုံအသင်း၏ ပြင်ဆင်ဆောင်ရွက်နေမှုများကို လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းနှင့်အဖွဲ့က မေ ၂၇ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဘောလုံးရာသီသစ်အတွက် အိမ်ကွင်းလက်ခံကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည့် အသင်းများအနက် တစ်သင်းဖြစ်သည့် ရတနာပုံအသင်းသည် မန္တလေးမြို့ရှိ ဗထူးကွင်း၊ အောင်မြေမန္တလာကွင်းနှင့် ရွှေမန်းတောင် လေ့ကျင့်ရေးကွင်းများကို လျာထားဆောင်ရွက်လျက်ရှိရာ လိဂ်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရတနာပုံ အသင်းပိုင်ရှင် ဦးမျိုးမင်းအောင်၊ ဥက္ကဋ္ဌ ဦး M ဇော်ဇော်လတ်၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းဇင်ဦး၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည့် ကွင်း၏ အဆောက်အအုံလိုအပ်ချက်များနှင့် မြက်ခင်းပြင် အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရမည့် အစီအမံများ၊ အခြားလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပါသည်။

ရတနာပုံအသင်းသည် ယခင်က မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၊ ဗထူးအားကစားကွင်းတို့တွင် အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ဖူးသည့် ကလပ်အသင်း တစ်သင်းဖြစ်ပြီး လာမည့် ဘောလုံးရာသီသစ်တွင် အိမ်ကွင်းပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **(NGB)**

